# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၁၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၆၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍစွမ်းဆောင်နိုင်မှုအခြေအနေများနှင့်ကုန်သွယ်မှုဆိုင်ရာအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် သင်္ဘောများဆိုက်ကပ်ခွင့် ခွဲဝေပေးရာတွင် ဆိပ်ကမ်းများ၌ မျှ၍ဆိုက်ကပ်ခွင့်ပေးရန်လို ဝင်ရောက်လာသည့်သင်္ဘောအမျိုးအစားများအလိုက်၊ အရွယ်အစားအလိုက် ဆိပ်ကမ်းများတွင် ဆိုက်ကပ်ခွင့်အား စဉ်းစားဆောင်ရွက်

နေပြည်တော် မတ် ၁၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal – AWPT ဆိပ်ကမ်းသို့ သွားရောက်၍ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍစွမ်းဆောင်နိုင်မှု အခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာ အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Asia World Port Terminal–AWPT ဆိပ်ကမ်းတံတားရှိ ၃ ထပ်ဆောင်ခန်းမသို့ ရောက်ရှိကြရာ


*စာမျက်နှာ ၃ ကော်လံ ၁ ✻*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal – AWPT ဆိပ်ကမ်း၌ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့** *ဖတ်စရာ*

### ဘေးကင်းလုံခြုံသည့် အလုပ်ခွင်ရရှိခြင်းဖြင့် လူကုန်ကူးမှုကို တားဆီးကာကွယ်


ဆောင်းပါး | စာ ၁၀


### အာဖဂန်အမျိုးသားတပ်မတော်၌ လူငယ် ၅၀၀ နီးပါးကို တာဝန်ပေးအပ်


နိုင်ငံတကာသတင်း | စာ ၁၄


### စစ်ကိုင်းတိုင်းဒေသကြီး၏ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)အဖြစ် စိုက်ပျိုးထုတ်လုပ်နေသည့် ရွှေဘိုပေါ်ဆန်းစပါး


ဆောင်းပါး | စာ ၁၆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Asia World Port Terminal-AWPT ဆိပ်ကမ်းတံတားရှိ သုံးထပ်ဆောင်ခန်းမ၌ တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားစဉ်။

* ရှေ့ဖုံးမှ

တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ပတ်သက်၍ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ နောက်ခံသမိုင်းအကျဉ်း၊ မူဝါဒများ၊ မြန်မာ့ဆိပ်ကမ်းများ၊ နှစ်အလိုက် ဆိပ်ကမ်းတံတားများ တိုးတက်လာမှု၊ ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းဧရိယာတို့ရှိ ဆိပ်ကမ်းတံတားများ၊ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေ အကျဉ်းချုပ်၊ ပြည်ပသို့ ပင်လယ်ရေကြောင်းမှ လယ်ယာထွက်ကုန်များတိုးမြှင့်တင်ပို့ခြင်း၊ ရန်ကုန်-ကော့သောင်း-ရနောင်းခရီးစဉ်ဖြင့် သွင်းကုန်/ပို့ကုန်ဆောင်ရွက်နိုင်မှု၊ Trans-shipment ဖြင့် ကုန်သွယ်မှုကို မြှင့်တင်ခြင်း၊ ဘဏ္ဍာငွေရှာဖွေနိုင်မှုနှင့် သုံးစွဲမှုအခြေအနေများ၊ လုပ်ငန်း ဆောင်ရွက်မှုအပေါ် သုံးသပ်တင်ပြချက်များကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ကုန်သွယ်မှုဆိုင်ရာအခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ စီးပွားရေးဦးတည်ချက် ၃ ရပ်တို့နှင့်အညီ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မတ်လအထိ ကုန်သွယ်မှုအခြေအနေများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် လအလိုက် ကုန်သွယ်မှု အခြေအနေများ၊ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မတ်လ ၁၂ရက်အထိ ပို့ကုန်ဆိုင်ရာ ကုန်ပစ္စည်းအုပ်စုအလိုက် အမှန်တင်ပို့နိုင်မှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မတ်လ ၁၂ ရက်အထိနှင့် ယခင်နှစ်အလားတူကာလ ပို့ကုန်အုပ်စုအလိုက် နှိုင်းယှဉ်ချက်၊ ပို့ကုန်အများဆုံး တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများနှင့် နိုင်ငံများ၊ ဆန်/ဆန်ကွဲ၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနှင့် ဝါဂွမ်းတင်ပို့မှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မတ်လ ၁၂ ရက်အထိ အုပ်စုအလိုက် သွင်းကုန်ဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးနှစ်အလိုက် သွင်းကုန်အများဆုံး တင်သွင်းခဲ့ရသည့် ကုန်ပစ္စည်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

- ❑ **ဆိပ်ကမ်းလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ ယခင်က မိမိတို့နိုင်ငံမှ ဆိပ်ကမ်းသည် အရှေ့တောင်အာရှတွင် ပို့ကုန်များ အဓိကတင်ပို့သည့် ဆိပ်ကမ်းတစ်ခုဖြစ်ခဲ့၊ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ပို့ကုန်များ တင်ပို့မှုလျော့နည်းလျက်ရှိ၊ မိမိတို့အနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကန့်သတ်ချက်များကို ကျော်လွှား၍ ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်သွားရန်လို**
- ❑ **မြန်မာ - ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား စီမံကိန်းပြီးစီးသွားပါက ဖြစ်ပေါ်လာနိုင်မည့် သင်္ဘော ဝင်/ထွက် ကန့်သတ်မှုများကို ကြိုတင်တွက်ဆပြင်ဆင်ထားရန်လို**

**ပို့ကုန်များပိုမိုတင်ပို့နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆိပ်ကမ်းလုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ ယခင်က မိမိတို့နိုင်ငံမှ ဆိပ်ကမ်းသည် အရှေ့တောင်အာရှတွင် ပို့ကုန်များ အဓိကတင်ပို့သည့် ဆိပ်ကမ်းတစ်ခုဖြစ်ခဲ့ကြောင်း၊ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ပို့ကုန်များ တင်ပို့မှုလျော့နည်းလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကန့်သတ်ချက်များကို ကျော်လွှား၍ ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် သင်္ဘောများ ဆိုက်ကပ်ခွင့်ခွဲဝေပေးရာတွင် ဆိပ်ကမ်းများ၌မျှ၍ ဆိုက်ကပ်ခွင့်ပေးရန်လိုကြောင်း၊ ဝင်ရောက်လာသည့် သင်္ဘောအမျိုးအစားများအလိုက်၊ အရွယ်အစားအလိုက် ဆိပ်ကမ်းများတွင် ဆိုက်ကပ်ခွင့်အား စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ မြန်မာ - ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားစီမံကိန်း ပြီးစီးသွားပါက ဖြစ်ပေါ်လာနိုင်မည့် သင်္ဘော ဝင်/ထွက် ကန့်သတ်မှုများကို ကြိုတင်တွက်ဆပြင်ဆင်ထားရန်လိုကြောင်း။

**တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့**

ပို့ကုန်နှင့် ပတ်သက်၍ တင်ပြချက်များအရ မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများရှိသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးမြှင့်၍ ပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရန် လိုကြောင်း၊ ဈေးကွက်ရှိပြီးဖြစ်သည့် ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် ပတ်သက်သည့်ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စက်မှုစိုက်ပျိုးရေး ထုတ်ကုန်များ၊ စားသောက်ကုန်များကိုလည်း တင်ပို့နိုင်ပြီး ထုတ်လုပ်မှုကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်ရှိပြီးဖြစ်သည့် ရော်ဘာနှင့် ကော်ဖီတို့ကဲ့သို့ ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ် တင်ပို့သွားနိုင်ရန်လိုကြောင်း၊ ထုတ်လုပ်မှုတိုးမြှင့်ရန် စိုက်ဧကများ တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း။

ပို့ကုန်များ တိုးမြှင့်ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက် အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး အထွက်နှုန်းကောင်းမွန်မှသာလျှင် ပြည်ပပို့ကုန်များလည်း တိုးတက်လာမည် ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကို ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်ခြင်းဖြင့်လည်း ပြည်ပမှ စားသုံးဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

ပြောင်းစိုက်ပျိုးမှုနှင့် ပတ်သက်၍ ပြောင်းကုန်ကြမ်းများကို ကုန်ကြမ်းအစား တန်ဖိုးမြှင့်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေး အဆင့်ဆင့် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မှသာလျှင် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ပြောင်းစက်ရုံများ တည်ဆောက်၍ ပြောင်းမှ ပြောင်းထုတ်ကုန်ကုန်ချော ထုတ်လုပ်မှုများကိုလည်း အဆင့်အလိုက် ပြောင်းလဲ

*စာမျက်နှာ ၄ သို့*

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၃ မှ*

ဆောင်ရွက်သွားရန်လိုကြောင်း။

**ပြည်ပသို့ လျင်မြန်ချောမွေ့စွာ တင်ပို့နိုင်ရေး**

ဆန်နှင့်ပတ်သက်၍ အရည်အသွေးပြည့်မီသည့် ဆန်များကို ကြိတ်ခွဲထုတ်လုပ်နိုင်ရန် လိုပြီး တန်ဖိုးမြင့်ပြီး အရည်အသွေးပြည့်မီသည့်ဆန်များကို တင်ပို့နိုင်ရမည်ဖြစ်ကြောင်း၊ သီးထပ်စိုက်ပျိုးခြင်းများကို အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေး ထွက်ကုန်များ နှစ်ဆတက်လာမည်ဖြစ်ပြီး ကုန်ချောထုတ်ကုန်များသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်ပသို့ တင်ပို့မှုကို ကန့်သတ်ထားခြင်းမရှိသည့်အတွက် ပြည်ပသို့ လျင်မြန်ချောမွေ့စွာဖြင့် တင်ပို့နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ ဆိပ်ကမ်းမှ ပို့ဆောင်သည့်မော်တော်ယာဉ်များ အချိန်မီထွက်ခွာနိုင်ရေးအတွက် လည်း လမ်းကြောင်းများကို စနစ်တကျတွက်ချက်ထားရန်လိုပြီး ယာဉ်ကြော ပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးအတွက်လည်း လိုအပ်သည်များ စီမံဆောင်ရွက်ထားရှိရန် လိုကြောင်း၊ ဆိပ်ကမ်းများနှင့်ပတ်သက်၍ မျှမျှတတဖြစ်စေရေး စီမံဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ငွေကြေးကဏ္ဍ၌ ခိုင်မာတောင့်တင်းသည့် လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံနှင့်ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးကို တိုက်ရိုက်အထောက်အကူပြုသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ၎င်းကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း (Agro Base Industry) ကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံခြင်းကို ဦးစားပေးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်တရ လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

**ဆိပ်ကမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Asia World Port Terminal – AWPT ဆိပ်ကမ်းတံတားအတွင်း လှည့်လည်၍ ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Asia World Port Terminal – AWPT ဆိပ်ကမ်းတံတားအတွင်း ဆိပ်ကမ်းလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

- **ပို့ကုန်များတိုးမြှင့်ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်ရန်လို၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး အထွက်နှုန်းကောင်းမွန်မှသာလျှင် ပြည်ပပို့ကုန်များလည်း တိုးတက်လာမည်**
- **ဆီထွက်သီးနှံများကို ပိုမိုတိုးတက်အောင်ထုတ်လုပ်နိုင်ခြင်းဖြင့်လည်း ပြည်ပမှ စားသုံးဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်**
- **မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်ပသို့ တင်ပို့မှုကို ကန့်သတ်ထားခြင်းမရှိသည့်အတွက် ပြည်ပသို့ လျင်မြန်ချောမွေ့စွာဖြင့် တင်ပို့နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထားဆောင်ရွက်**

# အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်မည့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် -၂၀၂၅ ကျင်းပ

## ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံ၏စီးပွားရေးမောင်းနှင်မှုအတွက် အရေးပါသောဒေသတစ်ခုဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးဒေသများထဲမှတစ်ခုဖြစ်

**ရန်ကုန် မတ် ၁၅**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး)၏ အစီအစဉ်ဖြင့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် -၂၀၂၅ (Yangon Investment Forum-2025) ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။




**အခမ်းအနားဖွင့်လှစ်**

ဦးစွာ ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် - ၂၀၂၅ အခမ်းအနားကို မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်တို့က မင်္ဂလာမောင်းကို တီး၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ဒေဝနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးတို့က အမှာစကားများ ပြောကြားကြသည်။

**ရင်းနှီးမြှုပ်နှံမှုများကို ကူညီပံ့ပိုးပေးရန် အသင့်ရှိ**

ပြည်ထောင်စု ဝန်ကြီးက ပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံ၏စီးပွားရေးမောင်းနှင်မှုအတွက် အရေးပါသော ဒေသတစ်ခုဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးဒေသများထဲမှတစ်ခုဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများနှင့် ချိတ်ဆက်မှုရရှိပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် ထိရောက်စွာ ပံ့ပိုးပေးနိုင်သည့်လုပ်ငန်း (Supporting Industries) များအဖြစ် ချိတ်ဆက်မှုများရရှိကာ ထုတ်လုပ်မှုကွင်းဆက်ကောင်းများ ဖြစ်ပေါ်လာရန်လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စတင်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီမှုများသည် အရေးကြီးသဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဥပဒေနှင့်အညီ ကူညီပံ့ပိုးပေးရန် အသင့်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အားကောင်းသည့်ဒေသတစ်ခုဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်လုပ်ငန်း၊ စိုက်ပျိုးရေး၊ စက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းတို့အပြင် MSMEs လုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေးကို ပေါင်းစပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နားလည်မှုစာချွန်လွှာများကို သက်ဆိုင်ရာတာဝန်ရှိသူများက လက်မှတ်ရေးထိုးကြကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး(အပေါ်ပုံ) ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယနေ့ဖိုရမ်တွင် MSMEs လုပ်ငန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြခန်းစုစုပေါင်း ၂၇ ခန်း စိတ်ဝင်စားဖွယ် ခင်းကျင်းပြသကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက ရှင်းလင်းတင်ပြသည်။

**စကားဝိုင်းဆွေးနွေးပွဲများ ဆက်လက်ကျင်းပ**

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ "Power Investment & EV prospect in Yangon" "Agriculture, Industry and Services in Yangon" နှင့် "Bridging MSMEs & Investment in Yangon" ခေါင်းစဉ်များကို ဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးရာတွင် လျှပ်စစ်ကဏ္ဍ၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍနှင့် MSME လုပ်ငန်းကဏ္ဍတို့၏ အခွင့်အလမ်းများအား အစိုးရဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးခဲ့သည့် ကဏ္ဍသုံးခုအပေါ် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံချိတ်ဆက်ဆွေးနွေးခြင်း (Business Networking & Matching) အစီအစဉ်ကို ဆက်လက် ကျင်းပရာ ဖိုရမ်သို့တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက တက်ကြွစွာပါဝင်ဆွေးနွေးကြပြီး ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများအကြား တိုက်ရိုက်စီးပွားရေးချိတ်ဆက်မှုများ ပိုမိုရရှိခဲ့ကြသည်။

အဆိုပါဖိုရမ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ထုတ်ပေးရန်၊ ပြည်တွင်း အငယ်စား၊ အသေးစား၊ အလတ်စား(MSME) စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများအကြား ဆက်သွယ်ချိတ်ဆက်လာနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ဖိုရမ်၏ဆောင်ပုဒ်မှာ "Sustainable Growth, Smart Investment: The Future of Yangon" "စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၊ ကောင်းမွန်သောရင်းနှီးမြှုပ်နှံမှုနှင့် ရန်ကုန်၏အနာဂတ်" ဟူ၍ ဖြစ်သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေပေးအပ်

**နေပြည်တော် မတ် ၁၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးများက သတ်မှတ်နေရာအသီးသီးမှ Virtual စနစ်ဖြင့် တက်ရောက်ကြသည်။



**လိုအပ်ချက်များဖြည့်ဆည်းပေးမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သားသမီးများအနက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောင်းသား ကျောင်းသူ ၃၁၇ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း၊ အဆိုပါဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအနက် နေပြည်တော် စာစစ်ဌာနများတွင် ဝင်ရောက်ဖြေဆိုမည့် ၂၅ ဦးကို မတ် ၁၄ ရက်တွင် အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ချီးမြှင့်ငွေများကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့တွင် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)၊ စက်ရုံ/အလုပ်ရုံ၊ စိုက်ကွင်း/ စိုက်ခြံ၊ စက်မှုသင်တန်းကျောင်းတို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကိုလည်း အာဟာရဖြည့်စွက်စာများနှင့် ချီးမြှင့်ငွေများကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေစဉ်ကာလအတွင်း ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၏ လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)ရှိ ဝန်ထမ်းသားသမီးများအနက် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ကိုးဦးအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)ရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ခုနစ်ဦးအတွက် ချီးမြှင့်ငွေများကို စက်ရုံမှူးကလည်းကောင်း ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် သံရည်ကျိုလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ဒုတိယဝန်ကြီးက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် စီမံချက်များ၊ အချိန်ဇယားများ ရေးဆွဲထားရှိရန်၊ သံရည်ကျိုလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောစက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းများကို ကြိုတင်ဝယ်ယူဖြည့်တင်းထားရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးများက ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ သံရည်ကျိုလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် စက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းများ စုဆောင်းထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၂၄၅ /၇) ရှိ နဝင်းချောင်းတံတား အဆင့်မြှင့်တင်ဖွင့်လှစ်

**နေပြည်တော် မတ် ၁၅**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇) ရှိ နဝင်းချောင်းတံတား ပေ ၁၉၀ အား နှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါတံတား၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ရဲမိုးနှင့် နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်တို့က မင်္ဂလာအချိန်တွင် နဝင်းချောင်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်တို့က နဝင်းချောင်းတံတား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် အခမ်းအနားတက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်၍ တိုးချဲ့တည်ဆောက်ထားသည့် တံတားအသစ်ကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နဝင်းချောင်းတံတားသည် မူလက နှစ်လမ်းသွားတံတားသာဖြစ်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် နှစ်လမ်းသွားအဆင့်မှ လေးလမ်းသွားအဆင့်သို့ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၆) မှ တာဝန်ယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး အဆိုပါတံတား၏ ကမ်းကပ်ခုံများ ရေတိုက်စားပျက်စီးခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် ယာယီဘေလီတံတားထိုး၍ ဆောင်ရွက်ခဲ့သည်။

ယခုအခါ အခိုင်အမာတံတားအဖြစ် အသွား/အပြန် လေးလမ်းသွား တိုးချဲ့တည်ဆောက်ခြင်းနှင့် တစ်ဆက်တည်း တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ထပ်မံရေတိုက်စားမှု မရှိစေရေးအတွက် တံတား၏ Up Stream နှင့် Down Stream တို့တွင် ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် Gabion Box ကမ်းထိမ်းနံရံများ ပြုလုပ်ခြင်း၊ ရေလမ်းကြောင်း ဖြောင့်ခြင်းနှင့် မြစ်ကမ်းနံရံများကို ကျောက်ကြီးစီမြေထိန်းနံရံ ပြုလုပ်ဆောင်ရွက်ခြင်းတို့ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ထားရှိပြီး ဖြစ်သည်။

ရာဂီမုန်တိုင်းကြောင့် ပျက်စီးခဲ့ရသော နဝင်းချောင်းတံတားနှင့် ကင်းသာလမ်းဆုံကြား ဆက်စပ်သည့် လမ်းအပိုင်းကိုလည်း ယာဉ်များ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် လမ်းပခုံးများတိုးချဲ့ခြင်း၊ မြေထိန်းနံရံအနိမ့် (Toll Wall) များပြုလုပ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေစီးမြောင်းများ၊ ရေထုတ်ပြွန်များလည်း သတ်မှတ်လိုအပ်ချက်များနှင့်အညီ တည်ဆောက်ထားပြီး ဖြစ်သည်။

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးသည် အာဆီယံဟိုင်းဝေးလမ်းမကြီး (AH-1) အပိုင်းတွင် ပါဝင်သောကြောင့် ယာဉ်သွားလာမှုများပြားသည့်အတွက် နဝင်းချောင်းတံတားအား လက်ရှိ နှစ်လမ်းသွားအဆင့်မှ လေးလမ်းသွားအဆင့်သို့ တိုးချဲ့တည်ဆောက်ပေးသကဲ့သို့ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ လမ်းအကျယ်ကိုလည်း လေးလမ်းသွားအဆင့်မှ ခြောက်လမ်းသွားအဆင့်အထိ တိုးမြှင့်နိုင်ရန်အတွက် အကြိုလုပ်ငန်းများအနေဖြင့် လမ်းတာပေါင်အကျယ်ပေ ၉၀ ရရှိအောင် တိုးချဲ့ခြင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲ/ယာ တွင် သစ်ပင်များ စနစ်တကျ စိုက်ပျိုးခြင်းတို့ကို စီမံချက်ချ ဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့သည် ပြည်သူများသွားလာရေး လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရေးတို့အတွက် ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ B.O.T ကုမ္ပဏီများနှင့် ပူးပေါင်း၍ လမ်း၊ တံတားများကို အင်္ဂါရပ်နှင့် ကိုက်ညီအောင် ကြပ်မတ်ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို အရည်အသွေး ပြည့်မီစွာဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နယူးဒေလီမြို့၌ ကျင်းပမည့် မြန်မာသံတမန်များအတွက် ဒုတိယအကြိမ် အထူးသံတမန်သင်တန်းတက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် ၁၀ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် မတ် ၁၅**

နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အုပ်ချုပ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းအောင်ကျော် ဦးစီးသည့် အငယ်တန်း အရာထမ်း ၁၀ သည် SSIFS တွင် မတ် ၁၇ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်မည့် မြန်မာသံတမန်များအတွက် ဒုတိယအကြိမ် အထူးသံတမန်သင်တန်းသို့ တက်ရောက်ရန် ယနေ့တွင် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ထွက်ခွာသွားသည်။

အဆိုပါ သင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာ ဝန်ကြီးဌာန Sushma Swaraj Institute of Foreign Service-SSIFS တို့ အကြား လက်မှတ်ရေးထိုးထားသော ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)အရ ဆောင်ရွက်ခြင်းဖြစ်ပြီး သင်တန်းတွင် ပထဝီနိုင်ငံရေး၊ အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ မြန်မာသံတမန်ငယ်များအား သံတမန်ရေးရာစွမ်းရည်များကို မြှင့်တင်ရန်နှင့် အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ လေ့လာခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူမြို့၌ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေး

**ပခုက္ကူ မတ် ၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်း၊ လိုအပ်သည့် ဆေးဝါးများပေးဝေခြင်းတို့ကို ယမန်နေ့က အခြေခံပညာကျောင်းများ၌ ကွင်းဆင်းဆောင်ရွက်ကြသည်။



ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ပခုက္ကူခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်ရှိ အမှတ်(၁၊၂၊၃၊၄၊၅) အခြေခံပညာကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ၉၈ ဦး၊ ကျောင်းသူ ၁၁၉ ဦး စုစုပေါင်း ၂၁၇ ဦးတို့အား အမည်စာရင်းရေးသွင်းပြီး သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးများ အခမဲ့ပေးဝေခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

**ဘာမီသာ(ပခုက္ကူ)**

## ကျောက်ဆည်မြို့နယ်၌ နို့စားနွား ၆၃၃ ကောင်အတွက် အစာဖိုးငွေကျပ် သိန်း ၃၁၆ ဒသမ ၅၀ ထောက်ပံ့ပေးအပ်

**ကျောက်ဆည် မတ် ၁၅**



မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့နယ် အခြေခံသမဝါယမအသင်းသားများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး နို့စားနွားမွေးမြူခြင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းနှင့် တာဝန်ရှိသူများက အဆိုပါ နို့စားနွားမွေးမြူသည့် တောင်သူများအား နွားအစာဖိုးအဖြစ် နို့စားနွားတစ်ကောင်အတွက် ငွေကျပ်ငါးသောင်းနှုန်းဖြင့် နွားကောင်ရေ ၆၃၃ ကောင်အတွက် ငွေကျပ် သိန်း ၃၁၆ ဒသမ ၅၀ ကို ထောက်ပံ့ပေးအပ်သည်။

ထိုသို့ နွားစားဖိုးများ ထောက်ပံ့ပေးအပ်ရာ၌ မြေစိုမိုးကောင်းကျေးရွာ အခြေခံသမဝါယမအသင်းသား တောင်သူ ၃၂ ဦး မွေးမြူထားသည့် နို့စားနွားကောင်ရေ ၄၀၊ အရှေ့ရွာနန်းကျေးရွာ အခြေခံသမဝါယမအသင်းသားတောင်သူ ၁၈ ဦး မွေးမြူထားသည့် နို့စားနွားကောင်ရေ ၁၀၅ ကောင်၊ အရှေ့ရေပြားတောကျေးရွာ အခြေခံသမဝါယမအသင်းသား တောင်သူ ၁၉ ဦး မွေးမြူထားသည့် နို့စားနွားကောင်ရေ ၁၀၁ ကောင်၊ ဖျောက်ဆိပ်ပင်ကျေးရွာ အခြေခံသမဝါယမအသင်းသားတောင်သူ ၂၇ ဦး မွေးမြူထားသည့် နို့စားနွား ကောင်ရေ ၂၂၀၊ သင်္ဂတုံကျေးရွာ အခြေခံသမဝါယမ အသင်းသားတောင်သူ ၂၉ ဦး မွေးမြူထားသည့် နို့စားနွားကောင်ရေ ၁၆၇ ကောင် စုစုပေါင်း အသင်းသားတောင်သူ ၁၂၅ ဦး၊ နို့စားနွားကောင်ရေ ၆၃၃ ကောင်အတွက် ငွေကျပ် သိန်း ၃၁၆ ဒသမ ၅၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် တန်ဖိုးမြင့် ဓာတ်မြေဩဇာများအစား တန်ဖိုးသင့်ဘက်စုံသီးနှံသုံး စမ်းဝတီသဘာဝမြေဩဇာများ အစားထိုးသုံးစွဲနိုင်ရေး မိတ်ဆက် ရှင်းလင်းခဲ့ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကလေးခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံ

**မုံရွာ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကလေးခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကလေးခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးတင့်က ကလေးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ကလေးမြို့နယ်ရှိ ကျေးရွာသုံးရွာမှ ဒေသခံတောင်သူ ၃၀၀ အတွက် ယူရီးယားဓာတ်မြေဩဇာအိတ် ၃၀၀ ကို ကျေးရွာများမှ တာဝန်ရှိသူများထံ ပေးအပ်ကြသည်။



ဆက်လက်၍ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကလေးခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများထံ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက လုံခြုံရေးတာဝန် ထမ်းဆောင်နေသူများအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်နှင့် မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့် ကလေးခရိုင်အတွင်း လုံခြုံတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် MSMEs လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကလေးခရိုင်အနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် နွေကြသီးနှံ ၇၁၅၅၇ ဧက စိုက်ပျိုးလျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးမြို့ အင်ဒိုင်းကြီးကျေးရွာ ဦးအောင်ဖြိုးပါ တောင်သူ ခြောက်ဦး စိုက်ပျိုးထားသည့် ရေဆင်းစပ်မျိုး-၁ နွေကြာစိုက်ခင်း ဧက ၆၀ အောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး နွေကြာစိုက် ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များအား တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ စာစစ်ဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ပြင်ဆင်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၁၅**

၂၀၂၄-၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်တွင် စတင်ဖြေဆိုမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းမှစ၍ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်များရှိ စာစစ်ဌာန ဖွင့်လှစ်ထားသည့် ကျောင်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် နေပြည်တော်တိုင်း ပညာရေးမှူးရုံးမှ တိုင်းပညာရေးမှူး ဒေါက်တာကျော်လွင်နှင့် တာဝန်ရှိသူများနှင့်အတူ ဇေယျာသီရိမြို့နယ် ပြည်စံအောင် (အထက) စာစစ်ဌာနတွင် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ် အထက(၂၀) နှင့် အထက (၁၃) စာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန်အတွက် ပူးပေါင်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ညနေပိုင်းတွင် နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးခရိုင် ပညာရေးမှူး ဦးကျော်စိုးဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများအနက် အထက (သပြေပင်)၊ အထက(၁)နှင့် အထက(၂) စာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ စိတ်ချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် လုံလောက်သော အလင်းရောင်ရရှိရေး၊ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ စာဖြေခန်းများအတွင်း စာရေးခုံ၊ ထိုင်ခုံများပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းလုံခြုံစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်တို့ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဓမ္မရေအေးကံကလေးကျေးရွာအုပ်စုရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကံကလေးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၁ ပါးနှင့် ဒေသခံပြည်သူ ၁၄၀ တို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါ ရပ်ကွက်ရှိ ရန်မျိုးလုံပေါ်တော်မူမြတ်စွာဘုရားဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၈၁ ပါးနှင့် ဒေသခံပြည်သူ ၁၅၃ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။






နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး ခရိုင်/မြို့နယ်များမှ အသင်းသား အသင်းသူ ၈၀ ခန့်သည် အမျိုးသားသွေးလှူဘဏ်၌ မတ် ၁၅ ရက်က စုပေါင်းသွေးလှူဒါန်းရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဗဟိုဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

## မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၆၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းခဲ့

**နေပြည်တော် မတ် ၁၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းလျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား ၁၅၈ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား သုံးဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမည့် ပြည်ပနိုင်ငံသားများအား ကောင်းမွန်စွာ ထိန်းသိမ်းထားရှိမှုနှင့် ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၁၆၁ ဦးတို့၏ ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများ စာရင်းကောက်ယူနေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံစေရေး၊ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် အမြန်ဆုံး စနစ်တကျ ပြန်လည်လွှဲပြောင်းနိုင်ရေးကိစ္စရပ်များအပေါ် လိုအပ်သည်များကို မှာကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၆၄၃၆ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၃၅၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၄၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ X-Ray စစ်ဆေးရေးဂိတ်၌ မီးဘေးလုံခြုံရေးလုပ်ငန်းများဆောင်ရွက်

**သာစည် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မီးသတ်ဦးစီးဌာနက မိတ္ထီလာ – တောင်ကြီးကားလမ်း သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ X–Ray စစ်ဆေးရေးဂိတ်၌ မီးဘေးလုံခြုံရေး လုပ်ငန်းများကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက X–Ray စက်နှင့် ဝန်ထမ်းအိမ်ရာများ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး မြို့နယ်မီးသတ်ဦးစီးမှူးက ပူပြင်းခြောက်သွေ့သောနွေရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ မီးကို အထူးဂရုပြုကြရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ပြောကြားပြီး မီးဘေးလုံခြုံရေး အကြံပြုခြင်းများ၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းများကို ရဲမှူးဝင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၂၂



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက် တိုးချဲ့ရပ်အတွင်း အမရပူရမြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးထွန်းနေနွယ် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် လေးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၆ ဦးနှင့် ပူးပေါင်းအဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းနှင့် မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များကို မတ် ၁၅ ရက်က ဖြန့်ဝေစဉ်။

စိုးသီဟ (အမရ)



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၄ ရက်က အမှတ် (၁၀) ရပ်ကွက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနအနီးရှိ နေအိမ်များကို ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးမြင့် ဦးဆောင်သော မီးသတ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “kaungmyat” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အထက်စံပြကျေးရွာနေ မြတ်မင်းထွန်းအား ညနေ ၅ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “@usoetint47” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မဇင်းရပ်ကွက်နေ စိုးတင့်(ခ)ဇော်ထွန်းအား ည ၇ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ်အတွက် ရုပ်ရှင်မျိုးဆက်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးစီမံကိန်း (FLY Project 2025) လျှောက်လွှာခေါ်ယူ

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**၂၀၂၅ ခုနှစ်အတွက် ရုပ်ရှင်မျိုးဆက်သစ်လူငယ်များ**
**ပြုစုပျိုးထောင်ရေးစီမံကိန်း (FLY Project 2025)**
**လျှောက်လွှာခေါ်ယူခြင်း**

၁။ အာဆီယံနိုင်ငံများနှင့် Asian Film Commission Network (AFCNet) အဖွဲ့ဝင်နိုင်ငံများမှ ၂၀၂၅ ခုနှစ်အတွက် ရုပ်ရှင်မျိုးဆက်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးစီမံကိန်း (ASEAN–ROK Film Leader Incubator; FLY Project 2025) ကို ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်မြို့တွင် ၄–၉–၂၀၂၅ ရက်နေ့မှ ၁၉–၉–၂၀၂၅ ရက်နေ့အထိ ဇာတ်လမ်းတို၊ မှတ်တမ်းရုပ်ရှင်ရိုက်ကူးခြင်းသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံမှ (၂)ဦး ရွေးချယ်စေလွှတ်သွားမည် ဖြစ်ပါသည်။

၂။ အဆိုပါ FLY Project 2025 သို့ တက်ရောက်ရန် လျှောက်ထားလိုသူများသည် အောက်ပါအချက်လက်များနှင့် ပြည့်စုံသူဖြစ်ရပါမည်–

(က) သင်တန်းသားများအတွက် သတ်မှတ်အရည်အချင်း

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(၂) ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း မွေးဖွားသူဖြစ်ရမည်၊
(၃) အနည်းဆုံး ဇာတ်လမ်းတို သို့မဟုတ် မှတ်တမ်းဇာတ်လမ်း သို့မဟုတ် ဗီဒီယိုဇာတ်ကား (၂) ကား ရိုက်ကူးဖူးသူ ဖြစ်ရမည်၊
(၄) အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သူ ဖြစ်ရမည်၊
(၅) နိုင်ငံခြားခရီးသွားလာမှုအတွက် ပိတ်ပင်ခြင်းခံထားရသူ မဖြစ်စေရ၊
(၆) ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် Asian Film Academy (BAFA) တို့တွင် ပြုလုပ်သည့် အစီအစဉ်တစ်ခုခု၌ ပါဝင်ဖူးသူ မဖြစ်စေရ။

(ခ) လျှောက်လွှာတွင်ပါရှိရမည့်အချက်များ

(၁) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများတွင် ပြည့်စုံစွာ ဖြည့်စွက်ခြင်း၊
(၂) လျှောက်ထားသူ၏ စိတ်ပါဝင်စားမှု၊ ကိုယ်ရေးအကျဉ်း၊ အနာဂတ်အစီအစဉ်များ ရေးသားဖော်ပြထားသည့် မိတ်ဆက်စကား။

၃။ လျှောက်လွှာများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြင့်တင်ရေးဌာနခွဲ၊ အမှတ်(၂၈) ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရယူလျှောက်ထားနိုင်ပါသည်။

၄။ လျှောက်ထားသူများအနေဖြင့် လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်ပြီး လိုအပ်သည့် အချက်အလက်(၆)စုံ၊ ရိုက်ကူးထားသည့် Project Video File (၂)ခုနှင့်အတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြင့်တင်ရေးဌာနခွဲသို့ ၄–၄–၂၀၂၅ ရက်၊ (သောကြာနေ့) ရုံးချိန်အတွင်း အရောက်ပေးပို့ရမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်း လူတွေ့ဖြေဆိုရမည်ဖြစ်သည်။

၅။ အသေးစိတ်သိလိုပါက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြင့်တင်ရေး ဌာနခွဲ(ရန်ကုန်)၊ နိုင်ငံတကာဌာနစု တယ်လီဖုန်းအမှတ် ၀၁–၇၅၃၇၉၃၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

## တောင်ကြီးမြို့၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကျင်းပ

**တောင်ကြီး မတ် ၁၅**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ် ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်သည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကြီးကို ယူနက်စကို အသိအမှတ်ပြုခံခဲ့ရပါကြောင်း၊ ယခုတစ်ကြိမ်တွင်လည်း မြန်မာ့သနပ်ခါးကို လူသားမျိုးနွယ် ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ယူနက်စကိုသို့ တင်သွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ရိုးရာသနပ်ခါး Video Clip ကို ပြသ၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက "သနပ်ခါး" တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ပြီး တိုင်းရင်းဆေးဦးစီးဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်ခင်သီတာဦးက မြန်မာ့သနပ်ခါး ဆေးဖက်ဝင်ပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက "မြန်မာမလေးပါရှင်" တေးသီချင်းဖြင့်လည်းကောင်း၊ အမှတ်(၁၄) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသူလေးများက "မြန်မာ့သနပ်ခါး" တေးသီချင်းဖြင့်လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က မြန်မာ့သနပ်ခါးသွေးခြင်းကိုလည်းကောင်း သရုပ်ဖော်ကပြဖျော်ဖြေ တင်ဆက်ကြခဲ့ပြီး ရှမ်းပြည်နယ် အမျိုးသမီးကော်မတီနာယက ဒေါ်ညိုမီစောက သရုပ်ဖော်ကပြ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်အခြေခံပညာကျောင်းများမှ အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရှမ်းပြည်နယ် အမျိုးသမီးကော်မတီ နာယက၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသူများအား သနပ်ခါးလိမ်းခြယ်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ပုသိမ်မြို့၌ စွန့်ပစ်စက္ကူများအသုံးပြု၍ လက်မှုထည်ပစ္စည်းပြုလုပ်ခြင်းနည်းပညာသင်တန်းဖွင့်

**ပုသိမ် မတ် ၁၅**

စွန့်ပစ်စက္ကူများကို အခြေခံပြီး မြန်မာ့ရိုးရာ စပ်ပန်းပုရုပ်လုံးပညာ အသုံးပြု၍ အရည်အသွေးကောင်းမွန်သည့် သပ်ရပ်လှပသော လက်မှုအနုပညာပစ္စည်းများ ပြုလုပ်တတ်စေရန်၊ စွန့်ပစ်စက္ကူများမှ ထုတ်ကုန်အသစ်အဆန်းများ၊ ဒီဇိုင်းသစ်များ တီထွင်၍ ပြည်တွင်း/ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်စေရန်၊ လက်မှုထည် ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းဖြင့် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်လာစေရန်၊ ဒေသတစ်ခုထုတ်ကုန်တစ်ခုအဖြစ် လက်မှုထုတ်ကုန်များ ပေါ်ထွန်းလာစေရန်၊ မြန်မာ့လက်မှုပညာအား မတိမ်ကော မပပျောက်စေရန်အတွက် လက်ဆင့်ကမ်းပညာ အမွေပေးနိုင်ရန်နှင့် ခေတ်မီဆန်းသစ်သော ပညာရပ်များ ပေါင်းစပ်၍ အဆင့်မြင့် လက်မှုပစ္စည်းများ ထုတ်လုပ်တတ်စေရန် အစရှိသည့် ရည်ရွယ်ချက်များဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် စွန့်ပစ်စက္ကူများ အသုံးပြု၍ လက်မှုထည် ပစ္စည်းပြုလုပ်ခြင်းနည်းပညာသင်တန်း ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က စွန့်ပစ်စက္ကူမှ လက်မှုပစ္စည်းများ ထုတ်လုပ်သည့် သင်တန်းဖြစ်သည့်အတွက် ကုန်ကြမ်းပစ္စည်းဖိုး သက်သာစေမည်ဖြစ်ပြီး MSME အထောက်အကူပြု သင်တန်းတစ်ခုဖြစ်၍ ကောင်းမွန်သည့် သင်တန်းတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက် ရှင်းလင်းတင်ပြသည်။

စွန့်ပစ်စက္ကူများ အသုံးပြု၍ လက်မှုထည်ပစ္စည်း ပြုလုပ်ခြင်းနည်းပညာသင်တန်းကို မတ် ၁၅ ရက်မှ ၂၉ ရက်အထိ သင်တန်းကာလ ၁၅ ရက်ကြာ သင်တန်းသား သင်တန်းသူ ၂၀ အား သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ဆိပ်ဖြူမြို့နယ်၌ မြန်မာ့ရိုးရာသနပ်ခါး ယဉ်ကျေးမှုပွဲတော်ကျင်းပ

**ဆိပ်ဖြူ မတ် ၁၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုပွဲတော်ကို မြို့နယ်လူထုအခြေပြုဌာန၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးဆောင်မှုဖြင့် မြို့နယ်ပညာရေးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိတို့က မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုပွဲတော်ကို ကျင်းပရခြင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ခြင်းကို ပါဝင်ဆင်နွှဲခြင်း၊ မြန်မာ့သနပ်ခါး အကြောင်းသိကောင်းစရာ နံရံကပ်ဓာတ်ပုံ၊ ပိုစတာ၊ ကဗျာ၊ ဆောင်းပါးတို့ကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

စိုးလင်းနိုင်(ပြန်/ဆက်)



# ဘေးကင်းလုံခြုံသည့် အလုပ်ခွင်ရရှိခြင်းဖြင့် လူကုန်ကူးမှုကို တားဆီးကာကွယ်

ခင်ရတနာ

**“ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများသည် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် အလုပ်ရှာဖွေသူများအနေဖြင့် အလုပ်သမားမှတ်ပုံတင်နိုင်ပြီး ယင်းကဲ့သို့ အလုပ်သမားမှတ်ပုံတင်ထားသော အလုပ်ရှာဖွေသူများအတွက် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများအနေဖြင့် အလုပ်ရှင်များထံမှ အမှာစာများလက်ခံ၍ ၎င်းတို့၏ ကျွမ်းကျင်မှုအလိုက် အလုပ်ရရှိရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသဖြင့် ပြည်တွင်း ပြည်ပ အလုပ်လုပ်ကိုင်လိုသူများအားလုံး အလုပ်သမားမှတ်ပုံတင်ရယူထားခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေရာတွင် ပိုမိုလွယ်ကူနိုင်မည် ”**

**ဘေးကင်းလုံခြုံမှုရှိသည့် လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်နိုင်စေရန်အတွက်အပြင် မိမိတို့နိုင်ငံသည် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကိုလည်း အစိုးရဘက်အနေဖြင့် ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ စဉ်းစားအဖြေရှာကာ ဆောင်ရွက်သည့်နည်းတူ ပြည်သူများကလည်း အလုပ်သမားဥပဒေများကို လေ့လာခြင်း၊ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ခြင်း၊ လူကုန်ကူးခြင်းဖြစ်စဉ်များ ဖော်ထုတ်သတင်းပေးခြင်း၊ အသိပညာများ မျှဝေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်**

ပြည်ပနိုင်ငံများ၌ အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံရသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်များတွင် ဥပဒေနှင့်အညီ စနစ်တကျ ပြန်လည်ခေါ်ယူပေးနေသည့် သတင်းများကို မကြာခဏ မြင်တွေ့ရသည်။

ထိုသို့သော ဖြစ်စဉ်မျိုးသည် မိမိတို့ တစ်နိုင်ငံတည်းတွင် ဖြစ်ပွားနေခြင်းတော့မဟုတ်။ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်သည့် နိုင်ငံအများစုတွင် မကြာခဏမြင်ရတတ်သည့် သတင်းမျိုးဖြစ်သည်။ ထိုကဲ့သို့ ပြည်ပတွင် အဖမ်းအဆီး၊ အထိန်းအသိမ်းခံရတတ်ကြသည့် ကိစ္စရပ်များအနက် အများစုမှာ အလုပ်ရမည်၊ ဝင်ငွေကောင်းမည်ဟူသော ဆွဲဆောင်မှုများဖြင့် နိုင်ငံရပ်ခြားသို့ ရောက်ရှိသွားကြသူ အများဆုံးဖြစ်သည်။ ထိုသူတို့သည် အလိမ်အညာပွဲစားများမှတစ်ဆင့် အဆင့်ဆင့်လူကုန်ကူးခြင်းခံရပြီး နောက်ဆုံးတွင် ဥပဒေအရ ထိန်းသိမ်းခံကြရခြင်းဖြစ်သည်။ ယခုနောက်ပိုင်း တိုးတက်ထွန်းကားလာသည့် နည်းပညာများနှင့်အတူ အွန်လိုင်းမှအစပြုသည့် လူကုန်ကူးမှုဖြစ်စဉ်များမှာ နိုင်ငံအတော်များများတွင် ကြုံတွေ့နေရသည်။

လူကုန်ကူးခံရသူအများစုသည် အသိပညာဗဟုသုတအားနည်းခြင်း၊ စားဝတ်နေရေး ခက်ခဲခြင်းနှင့် လုံခြုံသည့်အသိုက်အဝန်းမဟုတ်ခြင်း စသည့်အခြေအနေများကြောင့် သိလျက်နှင့်ဖြစ်စေ၊ မိမိဆန္ဒမပါဘဲ မသိ၍ဖြစ်စေ သားကောင်ဘဝသို့ ရောက်ရှိခဲ့ရခြင်း ဖြစ်သည်။

လူကုန်ကူးမှုသည် ၂၀ ရာစု နှောင်းပိုင်းတွင် ခေတ်သစ်ကျွန်ပြုမှုအသွင်ဖြင့် ပေါ်ပေါက်လာခဲ့ပြီး နိုင်ငံတကာကျွမ်းကျင်သူများ၏ တွက်ချက်မှုအရ တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုနောက်တွင် ဒုတိယအမြတ်အစွန်းအများဆုံးရရှိသည့် ဒုစရိုက်လုပ်ငန်းတစ်ခုပင်ဖြစ်သည်။ လူကုန်ကူးခြင်းဖြင့် လူ့အခွင့်အရေး၊ လူသားဂုဏ်သိက္ခာနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ထိခိုက်စေခြင်းသာမက အသက်အိုးအိမ်စည်းစိမ်နှင့် မျိုးဆက်သစ်များ၏ အနာဂတ်ကိုပါ ထိခိုက်စေနိုင်သည်။

မိမိတို့နိုင်ငံ၏ လူကုန်ကူးမှုပြဿနာများကို လေ့လာကြည့်မည်ဆိုပါက အိမ်နီးချင်းနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသနိုင်ငံအချို့၏ ဈေးကွက်လိုအပ်ချက်များနှင့် ချိတ်ဆက်နေသည်ကို မြင်တွေ့ရပြီး ကိန်းဂဏန်းများအရ ပြည်တွင်းလူကုန်ကူးမှု ၅၆ ရာခိုင်နှုန်း၊ ပြည်ပလူကုန်ကူးမှု ၄၄ ရာခိုင်နှုန်း ဖြစ်ပွားနေကြောင်း ၂၀၂၄ ခုနှစ် ထုတ်ပြန်ချက်များအရ သိရှိရပြီး ပြည်တွင်းလူကုန်ကူးမှုတွင် အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မစေခိုင်းမှုများက အဓိကဖြစ်ပွား၍ ပြည်ပလူကုန်ကူးမှုများတွင် အဓမ္မလက်ထပ်ထိမ်းမြားမှု၊ အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မတောင်းရမ်းစေခိုင်းမှု အများဆုံးဖြစ်သည်။

**အမျိုးသားရေးတာဝန်အဖြစ်ဆောင်ရွက်နေ**

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တည်ဆဲဥပဒေများအရ တားဆီးနှိမ်နင်းရေးများ ဆောင်ရွက်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလာခဲ့သည်။

ထို့အတူ နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်း တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ စာချုပ်၊ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာ စာချုပ်၊ လူကုန်ကူးခြင်း အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းတို့တွင် အတည်ပြုလက်မှတ်ရေးထိုးထားခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုပြဿနာများကို တိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီ (၄) ရပ်နှင့် အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအား စနစ်တကျ ဖွဲ့စည်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ အလေးထား ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ (၅) နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆) ကာလကို ဖြတ်သန်းနေပြီး မြန်မာအပါအဝင် ဒေသတွင်းနိုင်ငံများ၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားများ တရားမဝင် ဖွင့်လှစ်လုပ်ကိုင်လာကြပြီး နိုင်ငံခြားသားများကို အွန်လိုင်းမှ စည်းရုံးကာ အတင်းအကျပ်ခိုင်းစေမှုများ ကြုံတွေ့နေရပါသည်။

အဆိုပါ ဖြစ်ပေါ်နေမှုကို နိုင်ငံတကာမှပုံစံသစ်ဖြင့် ဖြစ်ပေါ်လာသော လုပ်အားခေါင်းပုံဖြတ်သည့် လူကုန်ကူးမှုဟု အမည်တပ်ကြသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အတင်းအကျပ်ခိုင်းစေခံရသူများကို ကယ်တင်၍ နေရပ်ဒေသများသို့ ပြန်လည်စေလွှတ်လျက်ရှိသည့်အပြင် ပြည်သူလူထု သိရှိနိုင်ရေး အသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော် ဆောင်ရွက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်း၊ လုပ်ငန်းလမ်းညွှန် (TOR) နှင့် လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွဲ အတည်ပြုနိုင်ခဲ့သည့် လုပ်ငန်းစဉ်များတွင်လည်း မြန်မာနိုင်ငံက တက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့သည်။

**အလေးထားဆောင်ရွက်**

ကမ္ဘာတစ်ဝန်း လူကုန်ကူးမှုဖြစ်စဉ်များနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက ၂၀၂၄ ခုနှစ် လူကုန်ကူးမှုအစီရင်ခံစာကို ထုတ်ပြန်ထားပြီး ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၈၈ နိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးအခြေအနေများ ဖော်ထုတ်ထားသည်ကို တွေ့ရှိရသည်။ အဆိုပါ အစီရင်ခံစာအတွင်း မြန်မာနိုင်ငံ၏ လူကုန်ကူးမှုအခြေအနေအချို့ကိုလည်း ထည့်သွင်းထားသည်ကို တွေ့ရှိရသည်။ အဆိုပါအစီရင်ခံစာတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်မှုများအတွက် အကြံပြုချက်များကိုလည်း ထည့်သွင်း ထုတ်ပြန်ထားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုမဖြစ်ပေါ်စေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနအသီးသီးမှ ဆောင်ရွက်လျက်ရှိပြီး အလုပ်သမားဝန်ကြီးဌာနသည် လူကုန်ကူးမှုတိုက်ဖျက်ရေး အစီရင်ခံစာ၌ ပါဝင်သည့်အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုလည်း မြင်တွေ့ရသည်။

အလေးထား ဆောင်ရွက်နေမှုများအနက် အလုပ်သမားဝန်ကြီးဌာနသည် Safe migration လူမှုကွန်ရက် ဖေ့စ်ဘွတ်စာမျက်နှာကို လွှင့်တင်ထားပြီး အလုပ်သမားရေးရာသတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များ၊ အေဂျင်စီအစီအစဉ်ဖြင့် စေလွှတ်သည့် အလုပ်သမားများ၏ ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ်ပြုလုပ်ခွင့်ပြုသည့်စာရင်းများ၊ ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း တက်ရောက်ခွင့်ပြုသည့်စာရင်းများကို စဉ်ဆက်မပြတ် ကြေညာပေးလျက်ရှိခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် ခိုင်မာသည့် ရွှေ့ပြောင်းအလုပ်သမားများ ဖြစ်လာစေရေး သတင်းအချက်အလက်နှင့် အသိပညာများ မျှဝေပေးလျက်ရှိသည်။

ထို့ပြင် Complaint Mechanism Center များ၊ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ ရွှေ့ပြောင်းအလုပ်သမား ထောက်ပံ့ကူညီရေးဗဟိုဌာနများ (MRC)၊ အလုပ်သမား သံအရာရှိရုံးများနှင့် ဝန်ကြီးဌာနသို့ အလုပ်သမားရေးရာတိုင်ကြားမှုများအပေါ် လက်ခံဖြေရှင်းလျက်ရှိရာ ယခုနှစ်ဇန်နဝါရီလအတွင်း စုစုပေါင်းတရားစွဲဆိုမှု ခြောက်မှုအတွက် လူပေါင်း ၁၂ ဦးကို စွဲချက်တင်နိုင်ခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သိရှိရသည်။

**နှစ်လအတွင်း လူဦးရေ ၄၀၀ ကျော် ပြန်လည်ကြိုဆိုလက်ခံခဲ့**

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိဖမ်းဆီးခံရသည့် မြန်မာအလုပ်သမားများကို သက်ဆိုင်ရာနယ်စပ်ဂိတ်များ၌ ကော်မတီများဖွဲ့စည်းကာ စနစ်တကျပြန်လည်လက်ခံခဲ့ရာတွင် အမျိုးသား ၂၀၃ ဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၂၀၇ ဦးအထိ ပြန်လည်ကြိုဆိုလက်ခံပေးနိုင်ခဲ့သည်။ ထို့အတူ ဇန်နဝါရီလအတွင်း အမျိုးသား ၁၂၇ ဦး၊ အမျိုးသမီး ၂၇ ဦးကိုလည်း ပြန်လည်လွှဲပြောင်းလက်ခံနိုင်ခဲ့ခြင်းဖြင့် ၂၀၂၅ ခုနှစ် ပထမနှစ်လအတွင်း လူဦးရေ စုစုပေါင်း ၃၄၁ ဦးကို ပြန်လည်ကြိုဆိုလက်ခံပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ မြင့်မားစေရေးအတွက် ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေနှင့်အညီ အလုပ်ရှာဖွေသူများ၏ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုနှင့် အလုပ်လုပ်ကိုင်နိုင်စွမ်းပေါ်မူတည်၍ အလုပ်ရှင်များ၏ လိုအပ်ချက်အရ သင့်လျော်သူများကို ရွေးချယ်ခန့်အပ်နိုင်ရန် စည်းကြပ်ဆောင်ရွက်လျက်ရှိပြီး တည်ဆဲအလုပ်သမားဥပဒေများတွင် သန်စွမ်းသူ၊ မသန်စွမ်းသူ၊ ကျား၊ မ ခွဲခြားမှုမရှိဘဲ မြို့ပြကျေးလက်မကျန် အလုပ်အကိုင်နေရာချထားရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေးတို့ကို အလေးထားဆောင်ရွက်ပေးခဲ့သည်။

*စာမျက်နှာ ၁၁ သို့*

# (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချောင်းဆုံမြို့နယ် မုဒွန်းအရှေ့ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်

**ချောင်းဆုံ မတ် ၁၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုဒွန်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈နာရီခွဲက ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေပျော်၍ စာတော်သော ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းလာစေရေးအတွက် ပညာသင်ကြားနေသော ကျောင်း၏ ဥပဓိရုပ်ကောင်းမွန်ရေးသည် အရေးကြီးကြောင်း၊ တစ်နိုင်ငံလုံး အသိပညာ အတတ်ပညာ မြင့်မားကာ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရန်အတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းဆောင်သစ်ကို လွှဲပြောင်းပေးအပ်ရာ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လက်ခံယူသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဒေသခံများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

အဆိုပါ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အလျားပေ ၆၀၊ အနံ ပေ ၃၀ တစ်ထပ် ကျောင်းဆောင်သစ်ကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပန်းတနော်မြို့နယ် အထက(၁) ကျောင်းအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

**ပန်းတနော် မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ နှစ် (၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပန်းတနော်မြို့နယ် အလယ်ပိုင်းရပ်ကွက် အထက(၁) ကျောင်းအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီးတို့က ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ကွန်ကရစ်လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုသည်။ အဆိုပါ ကွန်ကရစ်လမ်းသည် လမ်းအရှည် ၆၃၅ ပေ၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မ ရှိပြီး ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၄ ဒသမ ၅၉၀ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကွမ်းခြံကုန်းမြို့နယ် ကန့်မလာကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကန့်မလာကျေးရွာရှိ ကျေးလက်နေပြည်သူများ နွေရာသီရေရှားပါးသည့် ပြဿနာများ ပြေလည်ပြီး သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိစေရန် ကျေးလက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက် ပြီးစီးပြီဖြစ်သည်။

အဆိုပါ လုပ်ငန်းများကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်၄၈၄ သိန်း အကုန်အကျခံကာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၄ ခုနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ကန့်မလာကျေးရွာတွင် ရေထွက်ပင်ရင်းမှ ကျေးရွာအရောက် အရှည် ပေ ၅၇၀၀ ရှိ အိမ်သွယ်ရေပိုက်လိုင်း သွယ်တန်းခြင်း၊ အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်း၊ မော်တာပန့်တပ်ဆင်ခြင်း၊ အမြင့်တင် ရေစင်တည်ဆောက်ခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေ ရရှိစေရေးနှင့် တိရစ္ဆာန်များ ဝင်ရောက်မှု မရှိစေရန် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်စုသီတာလင်းနှင့် ဝန်ထမ်းများက မတ် ၁၅ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

*စာမျက်နှာ ၁၀ မှ*

### အလုပ်သမားမှတ်ပုံတင်ခြင်းဖြင့် အလုပ်အကိုင်ရှာဖွေရလွယ်ကူနိုင်

အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၈၉ ရုံး၊ အထူးစီးပွားရေးဇုန်ရုံး သုံးရုံး ဖွင့်လှစ်၍ ဥပဒေနှင့်အညီ အလုပ်သမားရှာဖွေသူများအား အလုပ်သမားမှတ်ပုံတင်ပေးခြင်း၊ အစိုးရဌာန၊ အလုပ်သမား ငါးဦးနှင့်အထက်ရှိသော သမဝါယမ၊ ဖက်စပ်နှင့် ပုဂ္ဂလိကလုပ်ငန်းများထံမှ အမှာစာများ လက်ခံခြင်း၊ အမှာစာအရ သင့်တော်သည့် မှတ်ပုံတင်အလုပ်သမားများအား စုဆောင်းပေးပို့ခြင်း၊ အလုပ်ရှင်များမှ ရွေးချယ်ထားသူများကို အလုပ်ခန့်အပ်နိုင်ရန် အလုပ်ခန့်ထားရေးကတ်ပြား (အလလခ ပုံစံ-၇) ထုတ်ပေးခြင်းများကို ပြုလုပ်ခဲ့သည်။

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများသည် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် အလုပ်ရှာဖွေသူများအနေဖြင့် အလုပ်သမားမှတ်ပုံတင်နိုင်ပြီး ယင်းကဲ့သို့ အလုပ်သမားမှတ်ပုံတင်ထားသော အလုပ်ရှာဖွေသူများအတွက် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများအနေဖြင့် အလုပ်ရှင်များထံမှ အမှာစာများလက်ခံ၍ ၎င်းတို့၏ ကျွမ်းကျင်မှုအလိုက် အလုပ်ရရှိရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသဖြင့် ပြည်တွင်း ပြည်ပ အလုပ်လုပ်ကိုင်လိုသူများအားလုံး အလုပ်သမားမှတ်ပုံတင်ရယူထားခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေရာတွင် ပိုမိုလွယ်ကူနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

### နိုင်ငံခြားသားအလုပ်သမားများ အေးချမ်းစွာအလုပ်လုပ်ကိုင်

ထို့အတူ မြန်မာနိုင်ငံအတွင်း ပြည်ပမှ လာရောက်အလုပ်လုပ်ကိုင်သည့် နိုင်ငံခြားသား အလုပ်သမားများကိုလည်း စနစ်တကျ မှတ်ပုံတင်ပေးခြင်း၊ သက်သေခံကတ်ပြား ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံခြားသား အလုပ်သမားများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် နိုင်ငံခြားသား အကြီးတန်းစီမံခန့်ခွဲသူများနှင့် ကျွမ်းကျင်ပညာရှင်များ၏ အလုပ်လုပ်ကိုင်ခွင့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးလျက်ရှိပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့တွင် အလုပ်သမားဝန်ကြီးဌာနသည် အဖွဲ့ဝင်အဖြစ် ပါဝင်၍လည်းကောင်း၊ သီလဝါနှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်များတွင် လာရောက်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားသားအလုပ်သမားများအား ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ပုဒ်မ ၇၇ အရ နိုင်ငံခြားသား အလုပ်သမားမှတ်ပုံတင်ခြင်း၊ သက်သေခံကတ်ပြားထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းတို့ကို အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတွင် အလုပ်သမားဝန်ကြီးဌာနသည် အဖွဲ့ဝင်အဖြစ် ပါဝင်၍လည်းကောင်း ပြုလုပ်ပေးလျက်ရှိသဖြင့် နိုင်ငံခြားသား အလုပ်သမားများအနေဖြင့် မိမိတို့နိုင်ငံအတွင်း စနစ်တကျ လာရောက်လုပ်ကိုင်လျက်ရှိကြသည်ကို မြင်တွေ့ရသည်။

### အစိုးရနှင့်ပြည်သူ လက်တွဲညီစွာတိုက်ဖျက်

လူကုန်ကူးမှုသည် ကမ္ဘာလုံးဆိုင်ရာ ကျယ်ပြန့်သည့် ပြဿနာတစ်ရပ်ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံတည်း၊ မြို့တစ်မြို့တည်း၊ အဖွဲ့အစည်းတစ်ခုတည်းက ဆောင်ရွက်လုပ်ကိုင်ရန်မဖြစ်နိုင်ဘဲ နိုင်ငံအချင်းချင်း၊ အစိုးရအချင်းချင်း၊ ပုဂ္ဂလိက၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး စုစည်းညီညွတ်စွာ တိုက်ဖျက်ကြရမည့် ပြဿနာတစ်ရပ်ဖြစ်ပါသည်။

ဘေးကင်းလုံခြုံမှုရှိသည့် လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်နိုင်စေရန်အတွက်အပြင် မိမိတို့နိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကိုလည်း အစိုးရဘက်အနေဖြင့် ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ စဉ်းစားအဖြေရှာကာ ဆောင်ရွက်သည့်နည်းတူ ပြည်သူများကလည်း အလုပ်သမားဥပဒေများကို လေ့လာခြင်း၊ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ခြင်း၊ လူကုန်ကူးခြင်းဖြစ်စဉ်များ ဖော်ထုတ်သတင်းပေးခြင်း၊ အသိပညာများ မျှဝေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။ ။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ



**နေပြည်တော် မတ် ၁၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယနေ့တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌လည်းကောင်း **(အောက်ပုံ)**၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌လည်းကောင်း **(ယာပုံ)** ကျင်းပကြရာ



သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များက အမှာစကား အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာများ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြကြသည်။ ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် မတ် ၁၅**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက် ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ... အဖျောက်မြို့နယ်အပါအဝင် မြို့နယ် ၁၄ မြို့နယ်ရှိ စာသင်ကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။



အလားတူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၇) ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံကြီး၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းများတိုက်ခတ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် မတ် ၁၅**

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

❏ *ကျောဖုံးမှ*

ဘိန်းဖြူ ၃၀ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅၄ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ မန္တလေးတိုင်းဒေသကြီးသို့ သိမ်းဆည်းရမိ သယ်ဆောင်ရောင်းဝယ်သူများဖြစ်ကြသည့် တင်ဝင်းကို ပြည်ကြီးတံခွန်မြို့နယ် (ည) ရပ်ကွက် ၁၃၉(B)လမ်း ၆၂ x ၆၃ လမ်းကြားတွင်လည်းကောင်း၊ မသီရိဒွံနှင့် မဝါဝါစိုးတို့ကို မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❍ *ကျောဖုံးမှ*

စပါးအသင်းတို့ကို ကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။ ပြိုင်ဘက် နယူးကာဆယ်အသင်းက ကွာတား ဖိုင်နယ်တွင် ဘရန့်ဖို့ဒ်၊ ဆီမီးဖိုင်နယ်တွင် အာဆင်နယ်တို့ကို ကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းလာခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် အီးအက်ဖ်အယ်လ် ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ၂၀၂၂-၂၀၂၃ ခုနှစ်တွင် နောက်ဆုံးတက်လှမ်းထားသော်လည်း ဗိုလ်လုပွဲတွင် မန်ယူအသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားကိုင်မြှောက်ခွင့် လွဲချော်ခဲ့သည်။ ပြိုင်ဘက် လီဗာပူးအသင်းက အီးအက်ဖ်အယ်လ် ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို ၁၄ ကြိမ် တက်လှမ်းထားနိုင်ပြီး ၁၀ ကြိမ် ဗိုလ်စွဲထားသည်။ နောက်ဆုံးဗိုလ်စွဲထားသည်မှာ ၂၀၂၃ - ၂၀၂၄ ခုနှစ်က ဖြစ်ပြီး ချယ်ဆီးကို ဗန်ဒိုက်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိကာ ဖလားဆွတ်ခူးထားသည်။

လီဗာပူးအသင်းက ဒီရာသီမှာ ပုံမှန်ခြေစွမ်းပြသထားနိုင်ပြီး ပရီမီယာလိဂ်မှာ တိုက်စစ်အကောင်းဆုံး အသင်းအဖြစ် ရပ်တည်နေသည့် အသင်းဖြစ်သည်။ သို့သော်လည်း လီဗာပူးအသင်းသည် ပြီးခဲ့သည့် သီတင်းပတ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် ပြိုင်ဘက်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲကနေ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

နယူးကာဆယ် အသင်းက အဓိက တိုက်စစ်ကစားသမား အီဆတ်အထူးခြေစွမ်းပြသနေမှုနှင့်အတူ ရလဒ်ကောင်း ရရှိနေသည်။ အိမ်ကွင်း၊ အဝေးကွင်း စွမ်းဆောင်ရည် ပိုင်းတွင်လည်း တည်ငြိမ်နေသည်။ နှစ်သင်းစလုံးမှာ အရည်အသွေးမြင့် ထိပ်တန်းကစားသမား အများအပြားရှိသောကြောင့် ခြေစွမ်းသာလွန်သော အသင်းထက် ရရှိလာသည့် အခွင့်အရေးကို ဂိုးအဖြစ်ပြောင်းလဲနိုင်သည့် အသင်းသာ နိုင်ပွဲရပြီး ဖလားဆွတ်ခူးနိုင်ဖွယ်ရှိသည်။ **အောင်ဇော်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အမေရိကန်က နိုင်ငံပေါင်း ၄၀ ကျော်မှ ခရီးသွားများဝင်ရောက်ခွင့်ကို တားမြစ်ဖွယ်ရှိ

ဝါရှင်တန် မတ် ၁၅

အမေရိကန်သမ္မတ ထရမ့်က အာဖဂန်နစ္စတန်၊ အီရန်နှင့် ဆီးရီးယားတို့မှ ဗီဇာလျှောက်ထားမှုများကို ခေတ္တရပ်နားခြင်းအပါအဝင် နိုင်ငံပေါင်း ၄၃ နိုင်ငံအပေါ် ခရီးသွားဝင်ရောက်ခွင့် တားမြစ်ချက်အသစ်များနှင့် ဗီဇာလျှောက်ထားမှုများကို ယာယီရပ်ဆိုင်းရန် စဉ်းစားနေကြောင်း အမေရိကန်မီဒီယာများက မတ် ၁၄ ရက်တွင် ဖော်ပြသည်။



အမေရိကန်သံတမန်နှင့် လုံခြုံရေးအရာရှိများက အမျိုးအစားသုံးမျိုးဖြင့် ခရီးသွားလာခွင့် ပိတ်ပင်ထားသည့် နိုင်ငံစာရင်းကို မူကြမ်းရေးဆွဲခဲ့ကြောင်း နယူးယောက်တိုင်းမ်စ်သတင်းတွင် ဖော်ပြသည်။ အစီအစဉ်သစ်အရ အာဖဂန်နစ္စတန်၊ ကျူးဘား၊ အီရန်၊ လစ်ဗျား၊ ဆိုမာလီယာ၊ ဆီးရီးယား၊ ဗင်နီဇွဲလားနှင့် ယီမင်အပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံကို ပြည်ဝင်ခွင့်အပြည့်အဝပိတ်ပင်ရန် အကြံပြုထားသည်။ ထို့အတူ အီရစ်ထရီးယား၊ ဟေတီ၊ လာအိုနှင့် ပါကစ္စတန်နိုင်ငံအပါအဝင် နိုင်ငံအတော်များများမှ နိုင်ငံသားများ၏ ရွှေ့ပြောင်းနေထိုင်မှု သို့မဟုတ် ခရီးသွားဗီဇာဖြင့်ဝင်ရောက်ခွင့်ကို ငြင်းပယ်ထားသည်။ အစီရင်ခံစာအရ အင်ဂိုလာ၊ ဘီနင် သို့မဟုတ် ကမ္ဘောဒီးယားကဲ့သို့သော နိုင်ငံတို့အပေါ်တွင်လည်း သက်ရောက်မှုရှိသည်ဟု ဖော်ပြသည်။

အမည်မဖော်လိုသည့် သတင်းရင်းမြစ်များကိုကိုးကား၍ အိမ်ဖြူတော်သို့ မတင်သွင်းမီ ဖြစ်နိုင်ခြေရှိသော အပြောင်းအလဲများနှင့်အတူ အဆိုပါစာရင်းကို နိုင်ငံခြားရေးဌာနက လွန်ခဲ့သော ရက်သတ္တပတ်များစွာက ရေးဆွဲခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆင်ဟွာ

## အာဖဂန်အမျိုးသားတပ်မတော်၌ လူငယ် ၅၀၀ နီးပါးကို တာဝန်ပေးအပ်

ကဘူးလ် မတ် ၁၅

လေးလကြာ စစ်သင်တန်းပို့ချပြီးနောက် အာဖဂန်လူငယ် ၅၀၀ နီးပါးကို အာဖဂန်နစ္စတန်နိုင်ငံ အမျိုးသားတပ်မတော်၌ ခန့်အပ်တာဝန်ပေးလိုက်ကြောင်း နိုင်ငံပိုင် ဘာ့ခ်တာသတင်းဌာနက မတ် ၁၅ ရက်တွင် ဖော်ပြသည်။

ဘွဲ့ရလူငယ် ၄၈၆ ဦးသည် တပ်မတော်ဝင်းအတွင်း ကျင်းပသည့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အောင်လက်မှတ်များရရှိခဲ့ပြီး မည်သည့်အခြေအနေမျိုးတွင်မဆို တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်မည်ဟု ကတိပြုခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

ယင်းသည် လွန်ခဲ့သည့် တစ်ပတ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၏ အမျိုးသားတပ်မတော်တွင် တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည့် ဒုတိယမြောက်အပတ်စဉ်မှ လူငယ်များဖြစ်သည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် အာဏာရပြီးနောက် အာဖဂန်ကြားဖြတ်အစိုးရသည် အင်အား ၁၅၀၀၀၀ ဖြင့် တပ်မတော်ကို ဖွဲ့စည်းရန် ကနဦးစီစဉ်ခဲ့သော်လည်း နောက်ပိုင်းတွင် အမျိုးသားတပ်မတော်၏ အင်အားကို ၁၇၀၀၀၀ နှင့် တဖြည်းဖြည်း အင်အား ၂၀၀၀၀၀ သို့ တိုးမြှင့်မည်ဟု ကြေညာခဲ့သည်။ ဆင်ဟွာ



## ဂျပန်အာကာသယာဉ်မှူး အိုနိရှိနှင့် အခြားအဖွဲ့ဝင်သုံးဦး တင်ဆောင်သော အာကာသယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ အောင်မြင်စွာလွှတ်တင်

တိုကျို မတ် ၁၅

ဂျပန်အာကာသယာဉ်မှူး အိုနိရှိ တာကူယာနှင့် အခြားအဖွဲ့ဝင်သုံးဦး တင်ဆောင်သော ခရူးဒရက်ဂွန် အာကာသယာဉ်ကို နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်) သို့ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အိုနိရှိ၊ အမေရိကန်အာကာသယာဉ်မှူး နှစ်ဦးနှင့် ရုရှားအာကာသယာဉ်မှူးတစ်ဦးတို့သည် မတ် ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခန့်တွင် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် နာဆာ၏ ကင်နေဒီ အာကာသစင်တာရှိ အမေရိကန် ပုဂ္ဂလိကကုမ္ပဏီ SpaceX အာကာသယာဉ်သို့ ဝင်ရောက်ခဲ့ကြသည်။

အဆိုပါ အာကာသယာဉ်ကို ဖယ်ကွန် ၉ ဒုံးပျံဖြင့် ည ၇ နာရီ ၀၃ မိနစ်တွင် လွှတ်တင်ခဲ့ကြောင်း၊ ၁၀ မိနစ်ခန့်အကြာတွင် အာကာသယာဉ်မှာ စီစဉ်သတ်မှတ်ထားသော ပတ်လမ်းကြောင်းသို့ ရောက်ရှိပြီးနောက် ဒုံးပျံမှ ခွဲထွက်ခဲ့သည်။

အာကာသယာဉ်ခွဲထွက်ပြီးနောက် အိုနိရှိက မြေပြင်ထိန်းချုပ်ရေးဌာနနှင့်ဆက်သွယ်ကာ အားပေးပံ့ပိုးမှုအတွက် ဂျပန်ပြည်သူများအား ကျေးဇူးတင်ကြောင်း ဂျပန်ဘာသာစကားဖြင့် ပြောကြားခဲ့သည်။

၎င်းသည် အိုင်အက်စ်အက်စ်တွင် ခြောက်လခန့်ကြာနေထိုင်သွားရန် စီစဉ်ထားသည်။ ယင်းမှာ ၂၀၁၆ ခုနှစ်က ၎င်း၏ ပထမဆုံးအကြိမ် အာကာသခရီးစဉ်ပြီးနောက် အာကာသစခန်းတွင် ဒုတိယမြောက်နေထိုင်သည့် ခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

## သီရိလင်္ကာနိုင်ငံက စိုက်ပျိုးရေးအတွက်အန္တရာယ်ဖြစ်စေသော တိရစ္ဆာန်များ သန်းခေါင်စာရင်း ပထမအကြိမ်ကောက်ယူ

ကိုလံဘို မတ် ၁၅

သီရိလင်္ကာနိုင်ငံ၌ စိုက်ပျိုးရေးကို အန္တရာယ်ဖြစ်စေသည်ဟု ယူဆသည့် တိရစ္ဆာန်များ သန်းခေါင်စာရင်းကို ပထမဆုံးအကြိမ်အဖြစ် မတ် ၁၅ ရက်က စတင်ကောက်ယူကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စစ်တမ်းကောက်ယူမှုအတွင်း ဒေါင်းများ၊ ရှဉ့်ကြီးများ၊ မျောက်ဝံများနှင့် မီးခိုးရောင်မျောက်မြီးရှည်များကိုသာရေတွက်ရန် ညွှန်ကြားထားကြောင်း တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ တောရိုင်းတိရစ္ဆာန်ကျန်းမာရေးညွှန်ကြားရေးမှူး သာရခါ ပရာဆက်က မီဒီယာများကို ပြောကြားသည်။

ထိုအတောအတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညွှန်ကြားရေးမှူး ဂျီဗီဗိုရှာမီနီက စစ်တမ်းကောက်ယူရန်အတွက် နိုင်ငံတစ်ဝန်းရှိ အုပ်ချုပ်ရေးအဖွဲ့ ၁၄၂၀၀ ခန့်တွင် အရာရှိ ၄၀၀၀၀ ခန့်ကို စေလွှတ်ထားကြောင်း မတ် ၁၅ ရက်က သတင်းထောက်များအား ပြောကြားသည်။

စစ်တမ်းကောက်ယူသည့် ဦးတည်တိရစ္ဆာန်များသည် အထူးသဖြင့် အုန်းခြံများတွင် သီးနှံများ သိသိသာသာ ပျက်စီးစေသည်ဟု စိုက်ပျိုးရေးအရာရှိများက ခန့်မှန်းသည်။ သို့သော်လည်း လက်ရှိတွင် ၎င်းတို့၏ လူဦးရေကို ခိုင်လုံသော ခန့်မှန်းချက်မရရှိသေးပေ။

ဆင်ဟွာ

## တောင်ကိုရီးယားနိုင်ငံ၌ နှစ်နှစ်နီးပါးအတွင်း ပထမဆုံးအကြိမ်အဖြစ် ခွာနာလျှာနာရောဂါဖြစ်ပွား

ဆိုးလ် မတ် ၁၅

တောင်ကိုရီးယားနိုင်ငံရှိ မွေးမြူရေးခြံတစ်ခြံ၌ ခွာနာလျှာနာရောဂါဖြစ်ပွားမှု အတည်ပြုပြီးနောက် လုပ်ဆောင်စရာ ရှိသည်များကို လုပ်ဆောင်လျက်ရှိသည်။

တောင်ကိုရီးယား နိုင်ငံ၌ နောက်ဆုံးအကြိမ် ခွာနာလျှာနာဖြစ်ပွားမှုမှာ ၂၀၂၃ ခုနှစ်က ဖြစ်သည်ဟု ယွန်ဟတ်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

ဂျီအိုလာပြည်နယ် နွားမွေးမြူရေးခြံတွင် ရောဂါပိုးတွေ့ရှိကြောင်း တောင်ကိုရီးယားစိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက မတ် ၁၄ ရက်တွင် ကြေညာခဲ့သည်။ မွေးမြူရေးခြံမှ ကျွဲနွားအကောင်ရေ ၁၈၀ ကျော်ကို ရှင်းလင်းမည်ဟု ဝန်ကြီးဌာနက ပြောသည်။

ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပွားစေရေးအတွက် အနီးအနားရှိ ယာဉ်တောများနှင့် လမ်းများကို ပိုးသတ်ဆေးဖျန်းခြင်းများ လုပ်ဆောင်နေသည်ဟု ဝန်ကြီးဌာနက ပြောသည်။

ထို့အပြင် ယခုလနှောင်းပိုင်းမှစတင်၍ ဧပြီလအထိ မွေးမြူရေးခြံများတွင် ကျွဲနွားများနှင့် အခြားတိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံသွားမည်ဟုလည်း ဝန်ကြီးဌာနက ပြောသည်။

ဒေသန္တရ အဖွဲ့အစည်းများအနေဖြင့် ကြိုတင်ကာကွယ်မှုများ လျင်မြန်စွာလုပ်ဆောင်ရန်လည်း ဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

ဆင်ဟွာ




## အမေရိကန်တွင် ဝက်သက်ရောဂါဖြစ်ပွားသူ ၃၀၁ ဦးရှိ

လော့စ်အိန်ဂျလိစ် မတ် ၁၅

အမေရိကန်နိုင်ငံတွင် ယခုနှစ်အတွင်း ဝက်သက်ရောဂါဖြစ်ပွားသူပေါင်း ၃၀၁ ဦးရှိသည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ မတ် ၁၄ ရက်ထုတ်ပြန်ချက်အရ သိရသည်။

အတည်ပြုလူနာများအနက် ၅၀ ခန့်မှာ ဆေးရုံတက်ရောက်ကုသမှုခံယူရပြီး နှစ်ဦးမှာသေဆုံးခဲ့သည်။ ဇန်နဝါရီလမှစတင်ကာ တက္ကဆက်ပြည်နယ်၌ ဝက်သက်ရောဂါဖြစ်ပွားမှုမြင့်မားခဲ့ပြီး မတ် ၁၄ ရက်အထိ ရောဂါဖြစ်ပွားသူ ၂၅၉ ဦးရှိသည်ဟု သိရသည်။

၎င်းတို့ထဲမှ ၃၄ ဦးမှာ ဆေးရုံတက်ရောက် ကုသမှုခံယူရန် လိုအပ်သည်။ ကူးစက်မှုမြန်သော ရောဂါဖြစ်သည့်အတွက် ရောဂါဖြစ်ပွားသည့်နေရာနှင့် အခြားနီးစပ်ရာနေရာများတွင် နောက်ထပ်ကူးစက်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟု တက္ကဆက်ပြည်နယ် ကျန်းမာရေးဌာနက သတိပေးထားသည်။ ဝက်သက်ရောဂါသည် ရောဂါပိုးရှိသူ ချောင်းဆိုးနှာချေရုံမျှဖြင့် ကူးစက်တတ်သော ရောဂါဖြစ်သည်။ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ မျက်လုံးနီခြင်းနှင့် ခန္ဓာကိုယ်အနှံ့ အဖုများထွက်ခြင်းကဲ့သို့ ရောဂါလက္ခဏာများ ဖြစ်ပေါ်တတ်သည်။ ပြင်းထန်သည့်အခြေအနေများတွင်အဆုတ်ရောင်ခြင်း၊ ဦးနှောက်ရောင်ခြင်းနှင့် သေဆုံးသည်အထိ ဖြစ်ပေါ်စေနိုင်သည်။ ဝက်သက်ရောဂါကို ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်သည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက အလေးပေးဖော်ပြထားသည်။

ဆင်ဟွာ

# ကယားပြည်နယ်ဝန်ကြီးချုပ် မြို့သန့်ရှင်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် မတ် ၁၅**
ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ပေါ် ရပ်ကွက်များအတွင်း သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ဆောင်ရွက်မှုနှင့် မြို့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ပေါ် ပြည်သူများ ပြန်လည်ဝင်ရောက် အခြေချနေထိုင်လျက်ရှိသည့် နောင်ယား(က) နှင့် နောင်ယား(ခ) ရပ်ကွက်များအတွင်း မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးနှင့် မီးဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် နောင်ယား (ခ)ရပ်ကွက်ရှိ ပြည်နယ်သစ်တောဦးစီးဌာနရုံး လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာနှင့် ပြည်နယ်ရုံး ဧည့်ရိပ်သာ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနရုံး သို့ရောက်ရှိကာ ပြည်နယ်ဦးစီးမှူးရုံးနှင့် နှစ်ခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများ၊ မိုးလေဝသတိုင်းထွာရေးစခန်းရုံး ထိခိုက်ပျက်စီးခဲ့မှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းထွာရေး စက်များအား သက်ဆိုင်ရာ အင်ဂျင်နီယာများဖြင့် ပြန်လည်ပြုပြင်၍ အသုံးပြုနိုင်ရန် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် လွိုင်ကော်မြို့ပေါ် ရပ်ကွက်များသို့ အဓိကရေဖြန့်ဝေပေးလျက်ရှိသည့် မိုင်းလုံးရပ်ကွက်ရှိ စည်ပင်သာယာရေးအဖွဲ့ အမှတ် (၁) ရေစက်ရုံသို့ ရောက်ရှိကာ စက်ရုံအတွင်း ရေမော်တာများ၊ မီးလိုင်းများ၊ ရေပိုက်လိုင်းများ တပ်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ဝဲပုံ)**



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါတမ၊ လောခမ္မ၊ အောင်သီဟနှင့် နမ့်ဘော်ဝမ်(ခ)ရပ်ကွက်နေပြည်သူများ ရေလုံလောက်စွာ အသုံးပြုနိုင်ရန်အတွက် ရေစုကန်များမှ ရေတင်စနစ်ဖြင့်ပေးဝေရန် ရေတင်စင်နှစ်ခုတည်ဆောက်ရေး လုပ်ငန်းခွင်များသို့ သွားရောက်ကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ရေစစ်ကန်များ လည်ပတ်မှု၊ ရေစုကန်များ ရေသိုလှောင်နိုင်မှု၊ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

လွိုင်ကော်မြို့ပေါ် ပြည်သူများ ရေလုံလောက်စွာအသုံးပြုနိုင်ရန်အတွက် ရေဖြန့်ဝေပေးမှုအနေဖြင့် ရေစက်ရုံခြောက်ရုံမှ နေ့စဉ်ရေဂါလန် ၁၀ သိန်းကျော် ဖြန့်ဝေပေးလျက်ရှိရာမှ ယခုဆောင်ရွက်လျက်ရှိသည့် ရေပေးရေးစက်ရုံများ ပြုပြင်တည်ဆောက်ပြီးပါက နေ့စဉ်ရေဂါလန် ၂၁ သိန်းကျော် ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သုတ (ပြန်/ဆက်)



# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ၂၀၂၅ ခုနှစ် ဘွဲ့တံဆိပ်တော်ရ အပူဇော်ခံဆရာတော်ကိုးပါးအား ပုနဂုဏဝိသိဋ္ဌမင်္ဂလာ ချီးကျူးပူဇော်ပွဲကျင်းပ

**ကျိုက်ထို မတ် ၁၅**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ၂၀၂၅ ခုနှစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဆက်ကပ်လှူဒါန်းသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ကိုးပါးအား ပုနဂုဏဝိသိဋ္ဌမင်္ဂလာချီးကျူးဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ် မှန်လုံဆောင်၌ ကျင်းပသည်။

ဦးစွာ ဘွဲ့တံဆိပ်တော်ရ မရမ်းတောင်ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ နာယကထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး ဆရာတော် သံဃာတော်၊ အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူခဲ့သည်။

ယင်းနောက် ကျိုက်ထိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ ကျိုက်ထီးရိုး ဂေါပကအဖွဲ့ဝင်များက ဆရာတော် သံဃာတော်၊ အရှင်သူမြတ်များထံ ဘွဲ့တံဆိပ်တော် အဆောင်အယောင်နှင့် နဝကမ္မလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဘွဲ့တံဆိပ်တော်ရမင်္ဂလာကန်တော် ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချအမျှပေးဝေပြီး ဘွဲ့တံဆိပ်တော်ရ အပူဇော်ခံဆရာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**



သန်လျင်မြို့နယ်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်ခံရသည့် ဆရာတော်နှစ်ပါး၊ သီလရှင်ဆရာကြီးတစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးတို့အား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၁၅ ရက်က သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ လဟာရက်ကျေးရွာ ရွှေသန်လျင်သာသနာ့ရိပ်သာကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တမေဃိယအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က ဘွဲ့တံဆိပ်တော်နှင့် ဝတ္ထုငွေဆက်ကပ်လှူဒါန်းစဉ်။ သန်းဝင်း(သန်လျင်)

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၁၅ - ၃ - ၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၃.၃ | ၁၀၉.၉ |
| ၂။ | မကွေး | ၄၂.၈ | ၁၀၉.၀ |
| ၃။ | ပြည် | ၄၁.၈ | ၁၀၇.၂ |
| ၄။ | အောင်လံ | ၄၁.၇ | ၁၀၇.၁ |
| ၅။ | မြင်းမူ | ၄၁.၂ | ၁၀၆.၂ |
| ၆။ | ကျောက်ဆည်(လွန်ကျော်) | ၄၁.၀ | ၁၀၅.၈ |
| ၇။ | မင်းဘူး | ၄၁.၀ | ၁၀၅.၈ |
| ၈။ | တောင်တွင်းကြီး | ၄၁.၀ | ၁၀၅.၈ |
| ၉။ | ဆင်ဖြူကျွန်း | ၄၁.၀ | ၁၀၅.၈ |
| ၁၀။ | ညောင်ဦး | ၄၀.၆ | ၁၀၅.၁ |
| ၁၁။ | မန္တလေး | ၄၀.၅ | ၁၀၄.၉ |

## ရေချွေတာရေး နည်းလမ်းများ

❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

## မန်စီးတီးတို့ အိမ်ကွင်း၌ ဘရိုက်တန်ကိုသရေကျ

ပရီမီယာလိဂ်ပွဲစဉ် (၂၉) ကို မတ် ၁၅ ရက် ည ၉ နာရီခွဲက ယှဉ်ပြိုင်ကစားရာ နာမည်ကြီး မန်စီးတီးတို့ အိမ်ကွင်း၌ ဘရိုက်တန်ကို နှစ်ဂိုးစီ သရေကျခဲ့သည်။

မန်စီးတီးတို့ နိုင်ပွဲရရှိရေး ကြိုးစားသော်လည်း ဘရိုက်တန်တို့က မာမာတင်းတင်း တုံ့ပြန်ခဲ့သည်။ မန်စီးတီးအတွက် အဖွင့်ဂိုးကို ပယ်နယ်တီမှတစ်ဆင့် ဟာလန်းက ၁၁ မိနစ်တွင် သွင်းယူပေးပြီး ဘရိုက်တန်အတွက် ချေပဂိုးကို ၂၁ မိနစ်တွင် အက်စ်တူပီနန်က အလွတ်တည်ကန်ဘောမှ သွင်းယူပေးသည်။ ၃၉ မိနစ်တွင် မာမွတ်ရှ်က မန်စီးတီးအတွက် ဒုတိယဂိုး သွင်းယူပေးသော်လည်း ၄၈ မိနစ်တွင် မန်စီးတီးမှ ခူဆာနော့က ကိုယ့်ဂိုးကိုယ်သွင်းမိ၍ ဘရိုက်တန်တို့ ချေပဂိုး ရရှိခဲ့သည်။

အခြားပွဲစဉ်များတွင် နော်တင်ဟမ်က အစ်ဆွစ်ကို လေးဂိုး-နှစ်ဂိုး၊ ဝုဖ်က ဆောက်သမ်တန်ကို နှစ်ဂိုး - တစ်ဂိုးဖြင့် နိုင်ပြီး အဲဗာတန်နှင့် ဝက်စ်ဟမ်းပွဲမှာ တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

**အောင်ဇော်**

# စစ်ကိုင်းတိုင်းဒေသကြီး၏ ဒေသတစ်ခု ထုတ်ကုန်တစ်ခု(OROP)အဖြစ် စိုက်ပျိုးထုတ်လုပ်နေသည့် ရွှေဘိုပေါ်ဆန်းစပါး

**ဆန်စပါးသည် နှံစားသီးနှံများအနက် စိုက်ပျိုးထုတ်လုပ်သုံးစွဲမှု အများဆုံးသီးနှံဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်သည် ဆန်စပါးကို အဓိကအစားအစာအဖြစ် စားသုံးလျက်ရှိကြရာ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကကျသော သီးနှံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဆန်စပါးသည် အဓိကစားသုံးသော သီးနှံဖြစ်ပြီး မြန်မာ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်ကာ နှစ်စဉ် ဧက ၁၇ သန်းကျော် စိုက်ပျိုးလျက်ရှိသည်။**

ဒေါက်တာ တင်မာမာဦး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေး ဦးတည်ချက်များကို ချမှတ်ရာတွင် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”**ကို ပထမဦးဆုံးဦးတည်ချက်အဖြစ် သတ်မှတ်ထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူရသည့်အချိန်အတွင်း ပြည်ပသွင်းကုန် အစားထိုးရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်ရေး၊ ပြည်တွင်းမှ ပိုလျှံသည်တို့ကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ ဒေသအသီးသီးတွင် ဒေသထွက်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ပြီး ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်သည့် အလားအလာကောင်းများ များစွာရှိသည်ဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ရွှေဘိုပေါ်ဆန်းစပါးသည်လည်း ပြည်တွင်း ပြည်ပ ဈေးကွက်တွင် ခိုင်မာစွာ ရပ်တည်နိုင်သည့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product –OROP) ထုတ်ကုန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုပေါ်ဆန်းစပါး စတင်စိုက်ပျိုးမှုအနေဖြင့် ရွှေဘိုမြို့နယ် သီးလုံးကျေးရွာမှ တောင်သူတစ်ဦးသည် ၁၉၉၇–၁၉၉၈ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ဗိုလ်ကျေးရွာမှ ပေါ်ဆန်းဘေးကြားစပါးမျိုး လေးပြည် ယူဆောင်ခဲ့ပြီး စမ်းသပ်စိုက်ပျိုးခဲ့ရာမှ စတင်ခဲ့သည်။

၂၀၀၄–၂၀၀၅ ခုနှစ်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ မျိုးသန့်မျိုးပွားမျိုးစေ့ (Register Seed) အဆင့်ရှိ ပေါ်ဆန်းဘေးကြား တင်း ၆၀ သယ်ယူ၍ ရွှေဘိုမြို့နယ်အတွင်းရှိ မျိုးစေ့ထုတ်အကျိုးဆောင် တောင်သူများနှင့် မျိုးပွားခြင်းများကို ဆောင်ရွက်ခဲ့ရာ ရွှေဘိုဒေသ ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး စိုက်ပျိုးဖြစ်ထွန်းမှု ကောင်းမွန်ခြင်း၊ အထွက်နှုန်းကောင်းမွန်ခြင်း၊ ဆန်ထွက်ကောင်းခြင်းနှင့် စားသုံးမှုအရသာကောင်းမွန်ခြင်းတို့ကြောင့် လူကြိုက်များလာခဲ့ရာ တောင်သူအချင်းချင်း မျိုးဖလှယ်၍ စိုက်ပျိုးမှု များပြားလာခဲ့ပြီး ၂၀၀၆–၂၀၀၇ ခုနှစ်ခန့်မှစတင်၍ မန္တလေးဈေးကွက်တွင် ရွှေဘိုပေါ်ဆန်းဟု နေရာရလာကာ လူကြိုက်များလာခဲ့သည်။

ရွှေဘိုပေါ်ဆန်းစပါးနှင့် ဆန်၏ ထူးခြားကောင်းမွန်သည့် လက္ခဏာများသည် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့်အတွက် စပါးအထွက်ကောင်းခြင်း၊ အလေးချိန်စီးပြီး အနှစ်ပြည့်ဝခြင်း၊ စပါးပေါ်ချိန်မှစ၍ သိုလှောင်ချိန်ကာလများအထိ ဈေးကွက်ခိုင်မာပြီး ဈေးကောင်းရခြင်း၊ ဆန်ထွက်ကောင်းပြီး ဆန်အရည်အသွေးနှင့် ဆန်သားကောင်းမွန်ခြင်း၊ စပါးရိတ်ချိန်တွင် အစေ့ကြွေကျမှုနည်း၍ လေလွင့်မှုသက်သာခြင်း၊ အိုးတက်ခြင်း၊ အနံ့မွှေးပြီးနူးညံ့သဖြင့် စားကောင်းသည့်ဆန်ဖြစ်ခြင်းတို့ကြောင့် ၂၀၁၁ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သော အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံတွင် “ကမ္ဘာ့အကောင်းဆုံးဆန် (World Best Rice)” အဖြစ် ရွေးချယ်ခံခဲ့ရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၂၃ – ၂၀၂၄ ခုနှစ် စပါးစိုက်ဧရိယာ ၁၈ သိန်းအနက် ရွှေဘိုပေါ်ဆန်း ၃၅၆၈၄၂ ဧက စိုက်ပျိုးခဲ့သဖြင့် တိုင်းဒေသကြီး၏ ၂၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးလျက်ရှိသည်။ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် ရွှေဘိုပေါ်ဆန်းစိုက်ပျိုးမှုအနေဖြင့် ရွှေဘိုခရိုင်တွင် ၂၁၈၃၄၄ ဧက၊ ရေဦးခရိုင်တွင် ဧက ၁၁၁၈၉၀၊ ကန့်ဘလူခရိုင်တွင် ၂၂၇၄၅ ဧက စိုက်ပျိုးပြီး ကလေးခရိုင်၊ ကသာခရိုင်၊ မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင်တို့တွင် အနည်းငယ်စီစိုက်ပျိုးကြသည်။ တစ်ဧက ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၈၁ တင်းနှုန်း ထွက်ရှိခဲ့ပြီး စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း သိရသည်။

ရွှေဘိုပေါ်ဆန်းဈေးကွက်ရရှိမှုအနေဖြင့် ၂၀၁၀ ပြည့်နှစ်မှစတင်၍ ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချခဲ့ရပြီး ယခုလက်ရှိတွင် ရွှေဘိုပေါ်ဆန်း ဆန်ဈေးကွက်သည် တဖြည်းဖြည်းကျယ်ပြန့်လာပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စသည့်မြို့ကြီးများအပြင် တောင်ပေါ်ဒေသများဖြစ်သည့် ရှမ်း၊ ကယား၊ ကရင် စသည့် ဒေသများတွင်လည်း ဈေးကွက်ရရှိပြီး ဝယ်လိုအားကောင်းသည့် ထွက်ကုန်တစ်ခု ဖြစ်ပါသည်။

ထိုသို့ ဈေးကွက်ကောင်းမွန်၍ ပြည်တွင်း ပြည်ပ ဝယ်လိုအားရှိသည့် ရွှေဘိုပေါ်ဆန်းစပါးကို ဈေးကွက်ဝင် အရည်အသွေးမြင့်ဆန်များ ထုတ်လုပ်ရောင်းချနိုင်ရေးနှင့် ဈေးကွက်ခိုင်မာစေရေးအတွက် ရွှေဘိုပေါ်ဆန်းစပါး ဝယ်ယူကြိတ်ခွဲတင်ပို့ရောင်းချလျက်ရှိသည့် ဆန်စက်လုပ်ငန်းရှင်များသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

ဆန်စက်များမှ အဆင့်မြင့်နည်းပညာများဖြင့် ကြိတ်ခွဲပြီး ဆန်အရောင်ရွေးစက်များဖြင့် သန့်စင်၍ ပထမတန်းစားဆန်အဖြစ် ဈေးကွက်သို့ တင်ပို့ရောင်းချပါက ပြည်တွင်း ပြည်ပ ဈေးကွက် ခိုင်မာစွာရရှိနိုင်မည့် ဒေသထွက်ကုန်တစ်မျိုးဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရွှေဘိုပေါ်ဆန်းကို မြန်မာနိုင်ငံ၏ ပထမဆုံး ပထဝီဒေသဆိုင်ရာ အညွှန်းကိန်း Geographical Indication (GI) ရရှိရေးအတွက် ဌာနဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ရွှေဘိုပေါ်ဆန်း GI ရရှိပါက ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်ကြီးများ အားလုံးအတွက် အကျိုးကျေးဇူးများစွာ ရရှိလာသဖြင့် ရွှေဘိုပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်သည့် ကွင်းဆက်တစ်ခုလုံးအတွက် အကျိုးအမြတ်ရရှိစေပြီး ဒေသ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည့်အပြင် ဈေးကွက်အနေဖြင့်လည်း လက်ရှိတင်ပို့နေသည့် အရှေ့တောင်အာရှနိုင်ငံများသာမက ဥရောပဈေးကွက်နှင့် အနောက်နိုင်ငံဈေးကွက်များသို့ပါ တင်ပို့နိုင်မည့် အလားအလာများ ရရှိနိုင်သဖြင့် မြန်မာ့ဆန်ဈေးကွက်တွင် ရွှေဘိုပေါ်ဆန်း၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုပေါ်ဆန်းကို ဒေသတစ်ခု ထုတ်ကုန်တစ်ခု ထုတ်လုပ်နိုင်ရေးအတွက် ရွှေဘိုပေါ်ဆန်း ဝယ်ယူကြိတ်ခွဲတင်ပို့ရောင်းချလျက်ရှိသော ဆန်စက်လုပ်ငန်းရှင်များနှင့် စိုက်ပျိုးသူတောင်သူများ အချိတ်အဆက်မိစွာဖြင့် ရွှေဘိုပေါ်ဆန်းစပါး အရည်အသွေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ခြင်း၊ ဈေးကွက်ခိုင်မာစေရေးအတွက် ဆန်စက်လုပ်ငန်းရှင်များ ၊ ဆန်ကုန်သည်များအချင်းချင်း ညှိနှိုင်းချိတ်ဆက် ဖြန့်ဖြူးရောင်းချခြင်း၊ ကြိတ်ခွဲတင်ပို့ရောင်းချရာတွင်လည်း အရည်အသွေးကောင်းသည့် ဆန်များရရှိစေရေး၊ တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့် စပါးမျိုးများ အသုံးပြုစိုက်ပျိုးစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကာ အမျိုးသားပို့ကုန်မဟာဗျူဟာရည်မှန်းချက်အရ မြန်မာ့ဆန်စပါး တိုးတက်ထုတ်လုပ်ပြီး ပို့ကုန်တိုးမြှင့်ရန်နှင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

❖ ရွှေဘိုပေါ်ဆန်း GI ရရှိပါက ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်ကြီးများအားလုံးအတွက် အကျိုးကျေးဇူးများစွာ ရရှိလာသဖြင့် ရွှေဘိုပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်သည့် ကွင်းဆက်တစ်ခုလုံးအတွက် အကျိုးအမြတ် ရရှိစေပြီး ဒေသ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည့်အပြင် ဈေးကွက်အနေဖြင့်လည်း လက်ရှိတင်ပို့နေသည့် အရှေ့တောင်အာရှနိုင်ငံများသာမက ဥရောပဈေးကွက်နှင့် အနောက်နိုင်ငံ ဈေးကွက်များသို့ပါ တင်ပို့နိုင်မည့် အလားအလာများရရှိနိုင်သဖြင့် မြန်မာ့ဆန်ဈေးကွက်တွင် ရွှေဘိုပေါ်ဆန်း၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်

# ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**ပွင့်ဖြူ မတ် ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်ပြည်သူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်သည်။ **(ယာပုံ)**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုန်းဇလဲကျေးရွာ ဘုန်းတော်ကြီးကျောင်းသုံးကျောင်း၌ ဖွင့်လှစ်ထားရှိသော ယာယီမီးဘေးရှောင်စခန်းရှိ မီးဘေးသင့်ပြည်သူ ၁၄၄၅ ဦးတို့ကို တွေ့ဆုံအားပေးကာ မီးဘေးသင့်ပြည်သူများ၏ တင်ပြချက်များအပေါ် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ တာဝန်ရှိသူများက မုန်းဇလဲကျေးရွာရှိ မီးဘေးသင့် အိမ်ထောင်စု ၃၇၂ စု၊ လူဦးရေ ၁၄၄၅ ဦးအတွက် နေထိုင်စားသောက်ရေး အဆင်ပြေစေရန် ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ကုလားပဲ၊ အဝတ်အထည်၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် သောက်ရေသန့်ဘူးကြီးများကို မီးဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်ပြီး ကျေးရွာတွင်း မီးလောင်ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မုန်းဇလဲကျေးရွာ ရတနာမဂ္ဂင် မိုးကုတ်ဓမ္မရိပ်သာ (မြောင်းဘောင်) ကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ဦးပညာသိရီအား ဖူးမြော်ကြည်ညို၍ နဝကမ္မ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာ၌ မတ် ၁၂ ရက်က ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကျေးရွာရှိ အိမ်ခြေ ၄၅၀၊ အိမ်ထောင်စု ၄၇၀ ရှိသည့်အနက် အိမ်ခြေ ၃၆၀ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၃၇၂ စု၊ လူဦးရေ ၁၄၄၅ ဦး မီးဘေးဒဏ်သင့်ခဲ့ကာ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၌ ယာယီမီးဘေးရှောင်စခန်းဖွင့်လှစ်ပြီး ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဒေသတွင်းရှိ လူမှုကူညီရေးအသင်းအဖွဲ့များ၊ အလှူရှင်များကလည်း လာရောက်ကူညီလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၃၃ ကေဗွီ တလုတ္တော်(တွံတေး) ဓာတ်အားခွဲရုံဖွင့်

**ရန်ကုန် မတ် ၁၅**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေး မြို့နယ်ရှိ တွံတေးမွေးမြူရေးဇုန် လျှပ်စစ်ဓာတ်အားရရှိရေး အတွက် ၃၃ ကေဗွီ တလုတ္တော် (တွံတေး) ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေပိုင်းက ကျင်းပသည်။



ဦးစွာ ဓာတ်အားခွဲရုံဖွင့်ပွဲ မှတ်တိုင်ကို တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဓာတ်အားခွဲရုံဖွင့်ပွဲ ကမ္ပည်းမော်ကွန်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ဓာတ်အားခွဲရုံဖွင့်လှစ်နိုင်သည့်အတွက် တွံတေးမွေးမြူရေးဇုန် ဥက္ကဋ္ဌ ဦးတင်ရွှေက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဓာတ်အားခွဲရုံအတွင်း ကြည့်ရှုစစ်ဆေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တွံတေးမွေးမြူရေးဇုန်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးဇုန် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအပါအဝင် ၃၃ ကေဗွီ ဓာတ်အားလိုင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ဓာတ်အားဖြန့်ဖြူးရေး ထရန်စဖော်မာ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း၊ လမ်းမီးဓာတ်အားလိုင်းနှင့် လမ်းမီးများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့၏ ရန်ပုံငွေများဖြင့် တည်ဆောက်ခဲ့ပြီး တွံတေးမွေးမြူရေးဇုန်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ယခုလို စီမံဆောင်ရွက်ပေးခြင်းဖြင့် တိုင်းဒေသကြီးအတွင်း ကုန်ထုတ်လုပ်ငန်း တိုးတက်မှုကို အထောက်အကူရရှိသည့်အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ကျောင်းပြင်ပပညာရေး ကျောင်းသား ကျောင်းသူများနှင့် ဆရာများအတွက် ဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကျောင်းပြင်ပပညာရေး ကျောင်းသားကျောင်းသူများနှင့် ဆရာများအတွက် ဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို မတ် ၁၁ ရက်က ကမာရွတ်မြို့နယ်ရှိ လေ့ကျင့်ရေးအထက်တန်းကျောင်း (TTC) ၌ ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ လှူဒါန်းသော အလှူငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်တို့က ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်က လက်ခံခဲ့သည်။




ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မေမေသန်းက ဆရာမ ၅၄ ဦးအတွက် တန်ဖိုးငွေကျပ် ၉၅၈၅၀၀ နှင့်ညီမျှသော အဖြူအစိမ်းဝတ်စုံ ၅၄ စုံကို ပေးအပ်ရာ ဒဂုံဆိပ်ကမ်းမြို့နယ် NFPE, NFME ကျောင်းမှ ဆရာမများက လက်ခံသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ကြွေကြွေဇင်၊ မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဒေါ်ခိုင်ခိုင်ဦး၊ ဝိသာခါဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက NFPE, NFME သို့ အလှူငွေနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# မြောင်းမြမြို့နယ်၌ အသေးစားစက်မှုလုပ်ငန်းများ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**မြောင်းမြ မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းများ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

မြောင်းမြမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် အသေးစားစက်မှုလက်မှုလုပ်ငန်းများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည့် မီးငြိမ်းသတ်ရေးပစ္စည်းများ ထားရှိရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

## ပခုက္ကူမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူ ၂၁၅၆ ဦး ဝင်ရောက်ဖြေဆိုမည်

**ပခုက္ကူ မတ် ၁၅** – ပခုက္ကူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်မှစတင်၍ သက်ဆိုင်ရာစာစစ်ဌာနအသီးသီးတွင် စစ်ဆေးဆောင်ရွက်မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူ ၂၁၅၆ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပခုက္ကူမြို့နယ်အတွင်း စာစစ်ဌာန လေးခု ဖွင့်လှစ်ထားပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၅၂၄ ဦး၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ၈၂၅ ဦး၊ အထက(ဘုရားကြီး)၌ ၄၅၂ ဦးနှင့် အထက (အင်းတကော်)၌ ၃၅၅ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**



## နေပြည်တော်ကောင်စီဝင် ဦးမင်းဦး လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၁၅**

နေပြည်တော်ကောင်စီဝင် ဦးမင်းဦးသည် မတ် ၁၄ ရက်က တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

နေပြည်တော်ကောင်စီဝင်သည် နေပြည်တော်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတိုင်းဦးစီးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကို၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် လယ်ဝေးမြို့နယ်အတွင်း ဆောင်ရွက်သည့် စီမံကိန်း ရှစ်ခု၊ တည်ဆောက်ရေးလုပ်ငန်း ၁၃ ခုတို့ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုသည်။**(အပေါ်ပုံ)**

ထိုသို့စစ်ဆေးရာတွင် တင်ဒါအောင်ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင်က လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝေါမြို့ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ကြံ့တူစေတီတော်မြတ် ရွှေသင်္ကန်းကပ်လှူ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား အထွတ်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ဝေါ မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ကြံ့တူစေတီတော်ကြီး နှစ်ဆူအနက် နောင်တော်လေး စေတီတော် ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား အထွတ်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ ဝေါမြို့နယ်အတွင်းရှိ ဆရာတော်ကြီးများနှင့် ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာနှင့် ထီးတော် ရွှေသင်္ကန်းအသစ် ပြန်လည်ကပ်လှူခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဒါတဗ္ဗဝတ္ထုအစုစု လှူဒါန်းမှုတို့ကို ရေစက်သွန်းချ တရားနာယူကြသည်။

ဆက်လက်၍ အလှူရှင် စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းသည့် ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်မြတ်ကြီးပေါ်သို့ ပင့်ဆောင်ကာ ဝေါမြို့ သုခိတာရုံကျောင်းဆရာတော် ဦးအဂ္ဂနန္ဒ ဦးစီးအမှူးပြု၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းသည်။

အခမ်းအနားအောင်ပွဲ အထိမ်းအမှတ်အနေဖြင့် ညပိုင်းတွင် ကြံ့တူစေတီတော်ပေါ်၌ ဆီမီး ၁၆၀၀ ပူဇော်ပွဲနှင့် ဝေါဆရာတော် ဘဒ္ဒန္တသုမင်္ဂလမှ တရားပွဲ ကျင်းပကြောင်းသိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## သံဖြူဇရပ်မြို့နယ်၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ သနပ်ခါးလိမ်းခြယ်မှုပြိုင်ပွဲကျင်းပ

**သံဖြူဇရပ် မတ် ၁၅**

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ သနပ်ခါးလိမ်းခြယ်မှုပြိုင်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မွန်ပြည်နယ် သံဖြူဇရပ်မြို့ အထက(ကျိုက္ခမီ) ပညာ့ဗိမာန်ခန်းမ၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အမှာစကားပြောကြားပြီး အခြေခံပညာဦးစီးဌာန (မော်လမြိုင်) ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး အငြိမ်းစားဆရာမကြီး ဒေါ်အေးတင့်ရီက လိမ်းခြယ်မှုပြိုင်ပွဲ စည်းကမ်းချက်များနှင့် အမှတ်ပေး စည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သနပ်ခါးလိမ်းခြယ်မှုပြိုင်ပွဲကျင်းပရာ သံဖြူဇရပ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ တို့ ပါဝင်ယှဉ်ပြိုင်ကြပြီး အထက(ကျိုက္ခမီ)မှ ကျောင်းသား ကျောင်းသူလေးများက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။



ဆက်လက်၍ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လိမ်းခြယ်မှုပြိုင်ပွဲဆုပေးပွဲကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအောင်မိုးလွင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်းနှင့် အခမ်းအနားအပြီးတွင် တက်ရောက်လာသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က သနပ်ခါး လိမ်းခြယ်ပေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးသီးမြို့၌ မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကျင်းပ

**ကျေးသီး မတ် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကို မတ် ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြူက အမှာစကားပြောကြားပြီး မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ် ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်မှု မှတ်တမ်းနှင့် မြန်မာ့သနပ်ခါးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြသသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ခင်းကျင်းပြသထားသည့် မြန်မာ့သနပ်ခါးဓလေ့၏ သမိုင်းကြောင်း၊ သနပ်ခါး၏ အသုံးဝင်မှု၊ အသုံးပြုပုံနှင့် အရေးပါမှုစသည့် မြန်မာ့သနပ်ခါးအကြောင်း သိကောင်းစရာ နံရံကပ်စာစောင်ကို လှည့်လည်ကြည့်ရှုကြပြီး သနပ်ခါးကို ကိုယ်တိုင်သွေး၍ အပြန်အလှန် လိမ်းခြယ်ခြင်းများကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

**နန်းဖွေခမ်း**

ရတနာသစ်တော၊ ပြည့်သွေးကြော။
သစ်တောရတနာ၊ ထိန်းသိမ်းပါ။

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

➢ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။

➢ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည်ညဘက်နှင့် နံနက်စောစောတို့တွင် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်းစသည့် နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။

➢ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။

➢ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။

➢ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။

➢ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။

➢ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။

➢ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။

➢ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။

➢ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် (၆) နာရီ၌ ပုံမှန်စစ်ဆေးပါရန်။

➢ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# သီးနှံစိုက်ပျိုးမှုအပေါ် ၂၀၁၅ ခုနှစ် ရေကြီးနစ်မြုပ်မှု၏ အကျိုးသက်ရောက်မှု

သိင်္ဂီမြင့် (ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)

စိုက်ပျိုးရေးနိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကြောင့် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုများအပေါ်တွင် ထိခိုက်ပျက်စီးမှုများပြားပါသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပွားခဲ့သော ဆိုင်ကလုန်းမုန်တိုင်းရာဂီကြောင့် ၂၀၂၄ မိုးစပါးကို ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ လွန်ခဲ့သော ၁၀ နှစ် ၂၀၁၅ ခုနှစ် ဆိုင်ကလုန်းမုန်တိုင်း ကိုမန် တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှု၏ ကျေးလက်နေအိမ်ထောင်စုများ၏ လူနေမှုဘဝကို ထိခိုက်မှုများအား လေ့လာခဲ့သော သုတေသနရလဒ်များကို ပြန်၍လေ့လာကြည့်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့ သော ရေလွှမ်းမိုးမှုသည် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုတွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့ပါသည် (UNICEF, 2025)။ ထိုရေလွှမ်းမိုးမှု သည် အဓိကဆန်စပါးစိုက်ပျိုးသော ဒေသများဖြစ်သည့် ဧရာဝတီ၊ ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဆိုးရွားစွာ ထိခိုက်စေခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတွင်လည်း ပျက်စီးဆုံးရှုံးမှု များခဲ့ပါသည်။

### မြန်မာနိုင်ငံတွင် ရေလွှမ်းမိုးမှုအများစုသည် မိုးလယ်ကာလဖြစ်

၂၀၁၅ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးသည် ဒုတိယအဆိုးရွားဆုံး ပျက်စီးဆုံးရှုံးသည့် ဒေသဖြစ်ခဲ့ပြီး စုစုပေါင်း သီးနှံစိုက်ပျိုးသည့် ဧရိယာဟက်တာပေါင်း ၁၆၇၉၄၂၃ တွင် ရေနစ်မြုပ်မှုဧရိယာ ဟက်တာပေါင်း ၈၉၈၈၀ ရှိခဲ့ပြီး ပြန်လည်စိုက်ပျိုးနိုင်သော ဧရိယာဟက်တာ ၂၅၀၃၅၊ ပျက်စီးသောသီးနှံစိုက်ဧရိယာဟက်တာ ၃၀၂၁၉ နှင့် လုံးဝပြန်လည်စိုက်ပျိုး၍မရသော သီးနှံစိုက်ဧရိယာဟက်တာ ၃၄၆၂၇ ရှိခဲ့ပါသည် (FAO&WFP, 2015)။ မြန်မာနိုင်ငံတွင် ရေလွှမ်းမိုးမှုအများစုသည် မိုးလယ်ကာလ (ဇွန်မှသြဂုတ်လအတွင်း) ဖြစ်ပွားလေ့ရှိပြီး အဓိကပျက်စီးဆုံးရှုံးမှုသည် မိုးစပါးစိုက်ပျိုးမှုကို ထိခိုက်စေလျက်ရှိပါသည်။

ထိုသို့ ရေကြီးနစ်မြုပ်မှု၏ အကျိုးဆက်ကို အဓိကခံစားရသူများမှာ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးကြသော ကျေးလက်နေပြည်သူများ ဖြစ်ပါသည်။ ရေကြီးနစ်မြုပ်မှုသည် ကျေးလက်နေပြည်သူများ၏ ဝင်ငွေ၊ အသက်အိုးအိမ်စည်းစိမ်နှင့် သီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်သော ပိုင်ဆိုင်မှုများကိုလည်း ထိခိုက်စေသည်မှာ သိသာထင်ရှားပါသည်။ သီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများ ပျက်စီးခြင်း၊ သိမ်းဆည်းထားသော မျိုးစေ့များဆုံးရှုံးခြင်း၊ မွေးမြူထားသော တိရစ္ဆာန်များ သေဆုံးခြင်း၊ မိသားစု၏ စားရေရိက္ခာပျက်စီးခြင်း အစရှိသည်ဖြင့် ရင်ဆိုင်ကြရပါသည်။ ထို့ပြင် ကျေးရွာလူထုအနေဖြင့် စာသင်ကျောင်းများ၊ ဆေးပေးခန်းများ၊ ဘုန်းကြီးကျောင်းများ၊ ကျေးလက် လမ်းတံတားများ အစရှိသော အဆောက်အအုံများ ပျက်စီးမှုကိုလည်း ရင်ဆိုင်ဖြေရှင်းကြရပါသည်။

### သုတေသနကို ၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်

၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်သော ရေလွှမ်းမိုးမှုသည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ပြင်းထန်စွာ ပျက်စီးဆုံးရှုံးမှုရှိခဲ့သဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်စိုက်ပျိုးစီးပွားပညာဌာနမှ မဟာသိပ္ပံကျောင်းသူ မစန်းစန်းမြင့်သည် “စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်ရှိ လယ်သမားအိမ်ထောင်စုများ၏ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ခဲ့သည့် သီးနှံစိုက်ပျိုးမှုနှင့် ဆုံးရှုံးမှုများကိုဖြေရှင်းသော နည်းလမ်းများအား လေ့လာခြင်း” သုတေသနကို ၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပါသည်။



၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှု။

၎င်းသုတေသနကို ကန့်ဘလူမြို့နယ်ရှိ ရေကြီးနစ်မြုပ်မှုခံရသော တောင်သူ ၁၃၅ ဦးအား တစ်ဦးချင်း တွေ့ဆုံမေးမြန်းခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးမေးမြန်းခြင်း စသည့် နည်းလမ်းများဖြင့် လေ့လာခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းသုတေသနမှ ရေကြီးနစ်မြုပ်မှုကို ခံစားရသော လယ်သမားအိမ်ထောင်စုများ၏ သီးနှံဆုံးရှုံးမှုများနှင့် အခြားအခက်အခဲများ၊ ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံစားရပြီးနောက် ရင်ဆိုင်ရသော အခက်အခဲများကို ဖြေရှင်းသည့် နည်းလမ်းများနှင့် ထိခိုက်ပျက်စီးသော မိုးစပါးစိုက်ပျိုးမှုနှင့် နောက်တစ်နှစ်တွင် စိုက်ပျိုးသော မိုးစပါးစိုက်ပျိုးမှု၏ အကျိုးအမြတ်ပေါ်လွှမ်းမိုးသော အချက်များကို လေ့လာဖော်ထုတ်ခဲ့ပါသည်။

### သဘာဝဘေးသတင်းများရရှိရန် မိုဘိုင်းဖုန်းများသုံးစွဲလာ

လေ့လာခဲ့သော နမူနာတောင်သူများသည် ပျမ်းမျှ အသက် ၅၀ ဝန်းကျင်ရှိကြပြီး လယ်ယာလုပ်ငန်းအတွေ့အကြုံ (၂၆) နှစ်ခန့် ရှိကြပါသည်။ နမူနာတောင်သူများ၏ ပညာအဆင့်အတန်းမှာ မူလတန်းထက် အနည်းငယ်သာလွန်ကြပါသည်။ နမူနာတောင်သူများသည် ရေကြီးနစ်မြုပ်မှုခံစားရပြီး နောက်ပိုင်းတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို လျင်မြန်လွယ်ကူစွာ ရရှိလိုသောကြောင့် မိုဘိုင်းဖုန်းများ ပိုမိုသုံးစွဲလာကြောင်း တွေ့ရှိရပါသည်။ နမူနာအိမ်ထောင်စုများ၏ လယ်ယာသုံးပစ္စည်းကိရိယာများနှင့် အိမ်မွေးတိရစ္ဆာန်ပိုင်ဆိုင်မှုတို့သည် သိသာစွာ လျော့နည်းလာခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုသို့ လျော့နည်းရခြင်း အကြောင်းအရင်းများမှာ လယ်ယာသုံးပစ္စည်းများနှင့် မွေးမြူထားသော တိရစ္ဆာန်များသည် ရေကြီးစဉ်မျောပါသွားခြင်းနှင့် ရေကြီးနစ်မြုပ်မှုဖြစ်ပြီးနောက် စားဝတ်နေရေး အခက်အခဲများကို ဖြေရှင်းရန် ရောင်းချခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

ရေကြီးနစ်မြုပ်မှု ခံစားရသော တောင်သူများ၏ အဓိကစိုက်ပျိုးသော သီးနှံများတွင် မိုးစပါး၏ အထွက်နှုန်းသည် ၅၂ ရာခိုင်နှုန်း၊ ကြံသီးနှံ၏ အထွက်နှုန်းသည် ၇၂ ရာခိုင်နှုန်း၊ နှံစားပြောင်း၏ အထွက်နှုန်းသည် ၆၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး မိသားစုဝင်ငွေရရှိမှု လွန်စွာ လျော့နည်းခဲ့ပါသည်။ ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံစားရသော တောင်သူများ၏ အခက်အခဲကို ဖြေရှင်းသော နည်းလမ်းများမှာ အိမ်အသုံးစရိတ်ကို လျှော့ချခြင်း၊ ငွေချေးယူခြင်း၊ အိမ်ပိုင်ပစ္စည်းနှင့် မွေးမြူထားသော တိရစ္ဆာန်များ ရောင်းချခြင်း အစရှိသည့် နည်းလမ်းများဖြင့် ဖြေရှင်းခဲ့ကြပါသည်။

### အထွက်နှုန်းနှင့် ရရှိသောဝင်ငွေ သိသာစွာကွာခြား

ရေကြီးနစ်မြုပ်မှု မဖြစ်ခင်နှင့် ဖြစ်ပြီးနောက် စိုက်ပျိုးသောမိုးစပါး၏ အကျိုးအမြတ်ကို လေ့လာရာတွင် အထွက်နှုန်းနှင့် ရရှိသောဝင်ငွေသည် သိသာစွာကွာခြားမှုဖြစ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ မိုးစပါးအထွက်နှင့် အကျိုးအမြတ်ရရှိမှုကို သိသာစွာ ကွာခြားမှုသည် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုတွင် မိသားစုလုပ်အားများ ပါဝင်လုပ်ကိုင်ခြင်းနှင့် လယ်ယာမဟုတ်သော လုပ်ငန်းများမှ ရရှိသောဝင်ငွေကို မိုးစပါးစိုက်ပျိုးမှုတွင် ငွေကြေးရင်းနှီးမြှုပ်နှံခြင်းတို့ကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### သဘာဝဘေးသတင်းများ ပြည်သူများရရှိစေရန် ဆောင်ရွက်ခြင်းသည် အဓိကဖြစ်

သုတေသန တွေ့ရှိချက်များအပေါ် အခြေခံ၍ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ရင်ဆိုင်ကျော်လွှားနိုင်စေရန် ဖြစ်ပေါ်နိုင်သော သဘာဝဘေးအန္တရာယ်အား ကြိုတင်သတိပေးသည့် သတင်းအချက်အလက်များကို ကျေးလက်နေပြည်သူများရရှိစေရန် အထူးအလေးပေးဆောင်ရွက်ခြင်းသည် အဓိကဖြစ်ကြောင်း တွေ့ရှိရပါသည်။ တောင်သူများအတွက် သဘာဝဘေးအန္တရာယ် ခံနိုင်ရည်ရှိသော သီးနှံမျိုးများ၊ မြေဆီလွှာထိန်းသိမ်းမှု အလေ့အကျင့်ကောင်းများ၊ ရေသွင်းရေထုတ် လွယ်ကူစေသည့် မြေယာဖော်ဆောင်မှုများ၊ ခေတ်မီတိုးတက်၍ ရေရှည်တည်တံ့မှုကို ဖော်ဆောင်နိုင်သော စိုက်ပျိုးနည်းစနစ်များသည် အလွန်အရေးကြီးပါသည်။

တောင်သူများ၏ လူနေမှုဘဝနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရန် လယ်ယာပြင်ပဝင်ငွေရရှိစေသော အလုပ်အကိုင်အခွင့်အလမ်းများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော လမ်းတံတားများ၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် မိုဘိုင်းဖုန်းများမှတစ်ဆင့် အလွယ်တကူ ရရှိနိုင်ပြီး ကျေးလက်နေပြည်သူများ စိတ်ဝင်စားသတိပြုမိစေနိုင်သည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်သောသတင်းအချက်အလက်များနှင့် ထိုသတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ ဖြန့်ဝေပေးနိုင်သည့် အစီအစဉ်များ စသည့်အချက်များသည် ကျေးလက်နေပြည်သူများ ရင်ဆိုင်ရသည့် ဆုံးရှုံးမှုများကို လျော့ပါးသက်သာစေနိုင်ကြောင်း သုတေသနတွေ့ရှိမှုကို အခြေခံ၍ ရေးသားတင်ပြအပ်ပါသည်။ ။

◆ **သုတေသနတွေ့ရှိချက်များအပေါ်အခြေခံ၍ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ရင်ဆိုင်ကျော်လွှားနိုင်စေရန်ဖြစ်ပေါ်နိုင်သော သဘာဝဘေးအန္တရာယ်အား ကြိုတင်သတိပေးသည့်သတင်းအချက်အလက်များကို ကျေးလက်နေပြည်သူများရရှိစေရန် အထူးအလေးပေး ဆောင်ရွက်ခြင်းသည် အဓိကဖြစ်ကြောင်းတွေ့ရှိရ။ တောင်သူများအတွက် သဘာဝဘေးအန္တရာယ် ခံနိုင်ရည်ရှိသော သီးနှံမျိုးများ၊ မြေဆီလွှာထိန်းသိမ်းမှု အလေ့အကျင့်ကောင်းများ၊ ရေသွင်းရေထုတ်လွယ်ကူစေသည့် မြေယာဖော်ဆောင်မှုများ၊ ခေတ်မီတိုးတက်၍ ရေရှည်တည်တံ့မှုကို ဖော်ဆောင်နိုင်သော စိုက်ပျိုးနည်းစနစ်များသည် အလွန်အရေးကြီး**

## ပီလောပီနံကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်း

**ပုသိမ် မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယမန်နေ့ ညနေပိုင်းက တာဝန်ရှိသူများနှင့်အတူ မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စုရှိ Global Earth Agro & Aqua Industry Public Co., Ltd. သို့ သွားရောက်၍ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပီလောပီနံထုတ်ကုန်များ ဈေးကွက်ရရှိရေးနှင့် ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး ဆွေးနွေးရာ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ငါးအစာတောင့်စက်ရုံ စတင်စမ်းသပ်လည်ပတ်နိုင်ရေးနှင့် စပ်လျဉ်း၍ ပီလောပီနံကော်မှုန့်ထုတ်လုပ်မှု နည်းစနစ်အဆင့်ဆင့်များ၊ ပီလောပီနံစိုက် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်ရန် ဈေးကွက်ရရှိရေးတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပီလောပီနံစိုက်တောင်သူများ အနေဖြင့် ပီလောပီနံဈေးနှုန်းတည်ငြိမ်မှုရှိပြီး ထိုက်သင့်သည့် ဈေးနှုန်းရရန်၊ ပီလောပီနံစိုက်ဧကများ တိုးချဲ့နိုင်ရန်နှင့် ထုတ်ကုန်တိုးမြှင့်နိုင်ရန်ဖြစ်ကြောင်း၊ မျိုးရွေးချယ်မှု၊ စိုက်ပျိုးရေးနည်းပညာများကို အသိပညာပေးမှုနှင့် အရည်အသွေးအဆင့်မီ ပီလောပီနံကော်မှုန့်စက်ရုံများ ထူထောင်လည်ပတ်နိုင်လျှင် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်းနှင့် တောင်သူ၊ လုပ်ငန်းရှင်နှင့် တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားပြီး တက်ရောက်သူများက ပီလောပီနံဈေးကွက်ရရှိရေး ဆွေးနွေးကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကွန်ကရစ်ပိုက်များဖြင့် ရေသွင်းစနစ်တည်ဆောက်နေမှုလုပ်ငန်း၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးလုပ်ငန်းနှင့် စပါးခွံသိုလှောင်ရုံတည်ဆောက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မွန်ပြည်နယ်နေ့အထိမ်းအမှတ် ချောင်းဆုံမြို့နယ်၌ ကတ္တရာလမ်းဖွင့်

**ချောင်းဆုံ မတ် ၁၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ယမန်နေ့ နံနက် ၁၀ နာရီက ရွာလွတ်-ကတောင်စိန် တောင်ဖြတ်လမ်း (စိန်မြတောင်အပိုင်း) ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ဦးစွာ မွန်တိုင်းရင်းသူများက မွန်ရိုးရာအကဖြင့် ညှိခံဖျော်ဖြေခဲ့ကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်က ရွာလွတ်-ကတောင်စိန် တောင်ဖြတ်လမ်း (စိန်မြတောင်အပိုင်း)ကတ္တရာလမ်းကို အသုံးပြု၍ မော်လမြိုင်မြို့သို့ ရွာလွတ်ကျေးရွာအပါအဝင် ကျေးရွာပေါင်း ၁၉ ရွာ၊ အိမ်ခြေပေါင်း ၈၆၃၀ တို့မှ ဒေသခံများ၏ သွားလာမှုလွယ်ကူစေရန်အတွက် မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)မှ လမ်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကတ္တရာလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး လမ်းပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

**ကိုကျော်(ချောင်းဆုံ)**



## လယ်ဝေးမြို့နယ်၌ နွေစပါးနှင့် နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၁၅**

နေပြည်တော် လယ်ဝေးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်သူရ၏ ဦးဆောင်မှုဖြင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့က လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာရှိ တောင်သူအသိပညာပေးစင်တာ(KC)၌ နွေစပါးနှင့် နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စိုက်/ကြပ်ကော်မတီဝင် မြို့နယ်ဆည်မြောင်း(တည်-၅)မှ လက်ထောက်အင်ဂျင်နီယာ ဦးစိုးဝေလင်းထွန်းက ရေပေးဝေမည့်အခြေအနေများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောဝင်းက ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်၊ ဆောင်ရွက်ရမည့်နည်းလမ်း၊ စိုက်ပျိုးသင့်သည့် သီးနှံများနှင့် အားသာချက်များကို ရှင်းလင်းဆွေးနွေးခဲ့ရာ တောင်သူများက လိုအပ်ချက်များ တင်ပြဆွေးနွေးကြသည်။

**ဝေကြည်(ပြန်/ဆက်)**






# ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ နွေရာသီသင်တန်းများဖွင့်လှစ်

## မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၌ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်

**ရန်ကုန် မတ် ၁၅**
ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅)အခြေခံပညာ အလယ်တန်းကျောင်း၌ နွေရာသီအားကစား သ င်တန်းများကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမတွင် စတင်ဖွင့်လှစ်ပို့ချပေးသည်။

အဆိုပါ အခြေခံ နွေရာသီအားကစားသင်တန်းများကို အခြေခံပညာဦးစီးဌာနက ကြီးမှူး၍ အေရိုးဗစ်၊ မြန်မာ့သိုင်း၊ အလေးမသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရာ ကျောင်းသား ကျောင်းသူများက မိမိတို့ဝါသနာအတိုင်း အားကစားနည်းကို ရွေးချယ်ကာ တက်ရောက်လျက်ရှိကြသည်။ နွေရာသီ အခြေခံအားကစားသင်တန်း၌ အေရိုးဗစ်သင်တန်းကို



သင်တန်းသား သင်တန်းသူ ၅၃ ဦးက မတ် ၁၅ ရက်မှ ၂၈ ရက်အထိ လည်းကောင်း၊ မြန်မာ့သိုင်းသင်တန်းကို သင်တန်းသား သင်တန်းသူ ၄၅ ဦးနှင့် အလေးမသင်တန်းကို သင်တန်းသား သင်တန်းသူ ၃၅ ဦးတို့က မတ် ၁၅ ရက်မှ ဧပြီ ၁၀ ရက်အထိ လည်းကောင်း တက်ရောက် သင်ယူကြရမည်ဖြစ်ကြောင်း သိရသည်။ **သက်လွင်စိုး (ပြန်/ဆက်)**

## ချောက်မြို့၌ နွေရာသီသင်တန်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူများအတွက် အာဟာရပေးဝေ

**ချောက် မတ် ၁၅**
မကွေးတိုင်းဒေသကြီး ချောက်မြို့၌ နွေရာသီသင်တန်းများ ဖွင့်လှစ်ထားသည့်



အထက(၃)နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထု အခြေပြုဗဟိုဌာနခန်းမတို့၌ ကျောင်းသား ကျောင်းသူများ အချိန်ကို အကျိုးရှိရှိ အသုံးချနိုင်စေရန်အတွက် ယဉ်ကျေးလိမ္မာသင်တန်းကို လည်းကောင်း၊ ပန်းချီသင်တန်းကို လည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဦးစွာ သင်တန်းတက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းနှင့် အဖွဲ့ဝင်များက မုန့်ထုပ်များ ပေးဝေခဲ့ကြပြီး သင်တန်းတက်ရောက်နေသည့် ကျောင်းသား ကျောင်းသူလေးများက ယိမ်းသမလေးသီချင်းနှင့် နှောင်အင်းလေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

### သင်ကြားပို့ချ

အဆိုပါ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို အထက(၃)၌ နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း သင်တန်းနည်းပြဆရာများက သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## ဟိုပုံးမြို့နယ်၌ နွေရာသီ ရှမ်းစာပေ ရေးသားနည်း သင်တန်းဖွင့်လှစ်

**ဟိုပုံး မတ် ၁၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ရှမ်းတိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအသင်းက ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ရိုးရာစာပေ မပျောက်ပျက်စေရန်နှင့် ထိန်းသိမ်းရန် ရည်ရွယ်၍ နွေရာသီ ရှမ်းစာပေရေးသားနည်းသင်တန်းကို အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း၌ ဆက်လက်ဖွင့်လှစ် သင်ကြားလျက်ရှိသည်။

အဆိုပါ နွေရာသီရှမ်းစာပေ ရေးသားနည်း သင်တန်းကို မတ် ၁ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ယနေ့တွင် ၁၅ ရက်မြောက်နေ့အဖြစ် ဆက်လက်သင်ကြားလျက်ရှိသည်။ သင်တန်းတွင် သင်တန်းနည်းပြ သံဃာတော်နှစ်ပါးက သင်ကြားပေးလျက်ရှိရာ သင်တန်းသား သင်တန်းသူ ၃၅ဦး တက်ရောက်ကြသည်။

ဟိုပုံးမြို့နယ် ရှမ်းတိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအသင်းအနေဖြင့် သင်တန်းသား သင်တန်းသူများအား သင်ထောက်ကူပစ္စည်း သင်ရိုးစာအုပ်နှင့် ကဗျာစာအုပ် ငါးအုပ်၊ သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုရရှိသူများအား ထူးချွန်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်မည့်အပြင် သင်တန်းဆင်းလက်မှတ်နှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း ရှမ်းတိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဒေါ်နန်းအဲလစ်ထံက သိရသည်။

**ပအိုဝ်းဒေသ (ပြန်/ဆက်)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

## နေပြည်တော်၌ အငှမအကြိမ် နွေရာသီ အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၅**
မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF)က ကြီးမှူး၍ဖွင့်လှစ်သော အငှမအကြိမ်မြောက် နွေရာသီ အင်္ဂလိပ်စာ (4 Skills) Pre – Intermediate Level သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရုံးချုပ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အသင်း၏ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူးနှင့် CECများ၊ ဥတ္တရသီရိမြို့နယ် ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း(MWCDF)၏ ဒုတိယဥက္ကဋ္ဌ ဒေါ်စုညွန့်ဦးက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်မေမြင့်မောင်က သင်တန်းစည်းကမ်းများနှင့်ပတ်သက်၍ လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်အုန်းဆန်းနှင့် သင်တန်းနည်းပြဆရာ ဦးမင်းစိုးသူရတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားခဲ့ပြီး သင်တန်းဆရာက သင်ကြားရေးဆိုင်ရာ သင်ခန်းစာများကို စတင်သင်ကြားပို့ချသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



## ရွှေတောင်မြို့နယ်၌ နွေရာသီ အခြေခံအားကစားသင်တန်းဆင်း

**ရွှေတောင် မတ် ၁၅**
ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ဖွင့်လှစ်သည့် ၂၀၂၅ ခုနှစ် နွေရာသီ အခြေခံအားကစား သင်တန်းဆင်းပွဲကို ယမန်နေ့က ရွှေတောင်မြို့နယ် အားကစားခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ သင်တန်းသား သင်တန်းသူများက မြန်မာ့သိုင်းအားကစားနည်း၊ (ဝူရှူး – နန်းချွမ်)၊ (ဝူရှူး–ချမ်းချွမ်) အားကစားနည်း၊ ဂျူဒိုအားကစားနည်း၊ အေရိုးဗစ်အားကစားနည်းတို့ကို သရုပ်ပြသပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများအား ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုဆုငွေများနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်ပြီး သင်တန်းသား သင်တန်းသူများက Physical Fltness Dance အားကစားနည်းဖြင့် သရုပ်ပြသခဲ့သည်။

အဆိုပါ နွေရာသီအားကစားသင်တန်းကို မတ် ၁ ရက်မှ ၁၄ ရက်အထိ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ မြန်မာ့သိုင်း၊ ဂျူဒို၊ အေရိုးဗစ်စသည့်အားကစားနည်း ငါးမျိုးဖြင့် သင်ကြားခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။



**ကိုကိုမင်း (ပြန်/ဆက်)**

# ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ ပေါ်ထွန်းလာစေရေး လူငယ်စာဖတ်ဝိုင်းကျင်းပ



**နေပြည်တော် မတ် ၁၅**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ဖြစ်စေရေး၊ လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးအတွက် လူငယ်စာဖတ်ဝိုင်းကို စာရေးဆရာ ဗညားကျန်းထော ရေးသားထားသည့် "လူအများနှင့် အဆင်ပြေအောင် ဆက်ဆံနည်း" ဆောင်းပါးဖြင့် နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ကျောင်းသား ကျောင်းသူ လူငယ် ၁၃ ဦးတို့က "လူအများနှင့်အဆင်ပြေအောင် ဆက်ဆံနည်း" ဆောင်းပါးပါ အကြောင်းအရာများကို ဆွေးနွေးကြရာ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)နှင့် စာရေးဆရာ၊ စာရေးဆရာမများက လူငယ်များ၏ ဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်က နိဂုံးချုပ်စကား ပြောကြားသည်။

**လူငယ်စာဖတ်ဝိုင်းကျင်းပ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံးအနေဖြင့် စာဖတ်ဝိုင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး စာဖတ်ဝိုင်း ဆွေးနွေးပွဲများတွင် လူငယ်များ ပါဝင်ဆွေးနွေးသည့် အလေ့အကျင့်ကောင်းများရရှိပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ယခုလို လူငယ်စာဖတ်ဝိုင်းကို ကျင်းပပေးခြင်း ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# ကော့မှူးမြို့နယ်၌ နွေရာသီပန်းချီသင်တန်း အခမဲ့သင်ကြားပေး

**ကော့မှူး မတ် ၁၅**

နွေရာသီ ကျောင်းပိတ်ရက်များ အတွင်း ကျောင်းသား ကျောင်းသူများ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးစေရန်၊ အနုပညာအရည်အသွေးများ မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ အခြေခံပန်းချီသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ကျောင်းသား ကျောင်းသူများ အနေဖြင့် နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ပန်းချီပညာကိုအခြေခံမှစကာ အလွယ်တကူရေးဆွဲတတ်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း မိမိတို့ဌာနအနေဖြင့် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသလို လူငယ်လူရွယ်များအတွက်လည်း တတ်မြောက်ထားသင့်သည့် သင်တန်းများကို ရွေးချယ်ဖွင့်လှစ်ပေးလျက်ရှိပြီး အခြေခံအင်္ဂလိပ်စာ သင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပန်းချီပညာရှင် ဦးမောင်မောင်ချမ်းမြက သင်တန်းကာလ တိုတောင်းသော်လည်း အတိုင်းအတာတစ်ခုအထိ တတ်မြောက်အောင် သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် အခြေခံပန်းချီ၏ သဘောတရားနှင့် အခြေခံပန်းချီ ပညာရပ်များဖြစ်ကြသည့် မျဉ်းဖြောင့်၊ မျဉ်းကွေး၊ မျဉ်းယိုင်များဖြင့် ပန်းချီ တည်ဆောက်ပုံများကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း ပြောကြားသည်။

**အခမဲ့သင်ကြားပို့ချ**

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိကျောင်းသား ကျောင်းသူ ၃၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ခုနစ်ရက်ကြာ အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူရ (ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ ဓမ္မစကူးလ်သင်တန်း ဆက်လက်သင်ကြားလျက်ရှိ

**ထန်းတပင်(ပဲခူး) မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် မဟာဝိသုတာရာမကျောင်းတိုက်အတွင်း၌ နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအနေဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြစေရန်၊ ဗုဒ္ဓ၏ တရားတော်များနှင့်အညီ နေထိုင်တတ်စေရန် ကိုယ်၊ စိတ်၊ နှလုံးသိမ်မွေ့စေရန်ရည်ရွယ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပညာရေးဌာနနှင့် ဓမ္မစကူးလ်တို့ပူးပေါင်း၍ ယနေ့ နံနက် ၈ နာရီက ဓမ္မစကူးလ်သင်တန်းကို ဆက်လက်သင်ကြားလျက်ရှိသည်။

အဆိုပါ ဓမ္မစကူးလ်သင်တန်းသို့ တက်ရောက်လာကြသော လူငယ်မောင်မယ် ၃၀၀ တို့ကို ဆရာ ဆရာမများက အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် သင်ကြားပေးမည်ဖြစ်ပြီး ယနေ့တွင် အလှူရှင်များက အာဟာရမုန့်များ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ပေါင်းတည်၌ နွေရာသီအားကစားသင်တန်းဆင်းပွဲကျင်းပ

**ပေါင်းတည် မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ယမန်နေ့က မြို့နယ်အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ အခြေခံအားကစား သင်တန်းဆင်းပွဲကို မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းဆင်းပွဲသို့ တက်ရောက်အားပေးကြသူများကို အေရိုးဗစ်နှင့် ဝူရှူးသင်တန်းသား သင်တန်းသူလူငယ်လေးများက သရုပ်ပြသကြသည်။ ယင်းနောက် အားကစားနည်းသင်တန်းအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်သည်။



အဆိုပါ နွေရာသီအခြေခံအားကစား သင်တန်းများ၌ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြပြီး အေရိုးဗစ်၊ ဘောလုံးနှင့် ဝူရှူးအားကစားနည်းများကို ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ် သင်ကြားခဲ့ကြကြောင်း သိရသည်။

**ရွှေသား (IPRD)**

# စစ်ကိုင်းမြို့၌ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**စစ်ကိုင်း မတ် ၁၅**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပန်းချီပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးယဉ်မင်းအောင်က နွေရာသီ အခြေခံပန်းချီရေးဆွဲနည်း သင်တန်းနှင့် ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး ပန်းချီပညာရှင် ဦးထွဏ်းထွဏ်းဦးက ပြိုင်ပွဲစည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပန်းချီပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။ ပန်းချီပြိုင်ပွဲသို့ အခြေခံပန်းချီသင်တန်း တက်ရောက်နေသော ကျောင်းသား ကျောင်းသူ ၃၀ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**



# ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဆင်း

**တာချီလိတ် မတ် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ မူလတန်းကြိုကျောင်း ခန်းမ၌ ကျင်းပသည်။

လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီခိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန္ဒာထွန်းနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ECCD အခြေခံသင်တန်း ဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများက ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် သင်ကြားမည့်နည်းစနစ်လေးရပ်ဖြစ်သော သီချင်း၊ ကဗျာ၊ ပုံပြင်၊ ပြဇာတ်များဖြင့် သရုပ်ပြ ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ ကလေးသူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး သင်တန်းနည်းပြများက သင်တန်းသား သင်တန်းသူ ၅၁ ဦးကို ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁၅ ရက်အထိ စာတွေ့ လက်တွေ့ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျာလင်း(တာချီလိတ်)**

ပညာရွှေအိုး လူမခိုး

# MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ လက်ကျန်နှစ်ပွဲအလိုတွင် TG United အသင်း ချန်ပီယံဖြစ်ပြီး တန်းတက်ခွင့်ရရှိ

**ရန်ကုန်  မတ်  ၁၅**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၂၀) ကို မတ် ၁၅ ရက်က MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ TG United အသင်း သရေတစ်မှတ်ရယူပြီး လက်ကျန်နှစ်ပွဲအလိုတွင် ချန်ပီယံဖြစ်ပြီး တန်းတက်ခွင့်ရရှိခဲ့သည်။

TG United အသင်းသည် ဒုတိယနေရာမှ Pacific Sun Far အသင်းနှင့်တွေ့ဆုံခဲ့ပြီး သရေကစားကာ လက်ကျန်နှစ်ပွဲအလိုတွင် ခုနစ်မှတ်အသာရပြီး ချန်ပီယံဖြစ်ခဲ့သည်။ TG United အသင်းသည် ချန်ပီယံဖြစ်ခွင့်နှင့်အတူ လာမည့်ရာသီတွင် လိဂ်-၁ ပြိုင်ပွဲသို့ တန်းတက်ခွင့်ရခဲ့သည်။ လက်ကျန်နှစ်ပွဲတွင် တန်းတက်ခွင့် တစ်နေရာနှင့် တန်းဆင်းနှစ်နေရာအတွက် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပွဲစဉ် (၂၀) တွင် 7 Brother အသင်းက Black Cross အသင်းကို လေးဂိုး-သုံးဂိုး၊ ရွှေပြည်သာယူနိုက်တက်အသင်းက 7 Dragon အသင်းကို လေးဂိုး-နှစ်ဂိုး၊ JZ Yangon အသင်းက Maryar အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး KKY အသင်းနှင့် Gold Dream အသင်း တစ်ဂိုးစီသရေ၊ Pacific Sun Far အသင်းနှင့် TG United အသင်း သုံးဂိုးစီသရေ၊ YCDC Marga Youth အသင်းနှင့် လက်ဝဲသုန္ဒရအသင်း သုံးဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ် (၂၀) အပြီးတွင် TG United အသင်းက ရမှတ် ၄၈ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး Pacific Sun Far အသင်းက ၄၁ မှတ်၊ Gold Dream အသင်းက ၃၉ မှတ်၊ JZ Yangon အသင်းနှင့် 7 Dragon အသင်းက ၃၃ မှတ်စီ၊ Black Cross အသင်းနှင့် YCDC Marga Youth အသင်းတို့က ၂၇ မှတ်စီ၊ 7 Brother အသင်းက ၂၁ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ရမှတ် ၂၀၊ KKY အသင်းက ၁၈ မှတ်၊ လက်ဝဲသုန္ဒရအသင်းက ၁၆ မှတ်၊ Maryar အသင်းက ၁၃ မှတ် ရရှိထားသည်။

သတင်း-ရဲရင့်လွင်၊ ဓာတ်ပုံ-MFF



TG United အသင်းနှင့် Pacific Sun Far အသင်း ယှဉ်ပြိုင်စဉ်။

# စတုတ္ထအကြိမ် MBC Professional Boxing ပြိုင်ပွဲများနှင့် ကမ္ဘာ့ဘောက်ဆင်ကော်မရှင်၏ အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံဝင်ခွင့်ရရှိ

**ရန်ကုန်  မတ်  ၁၅**

မြန်မာဘောက်ဆင်အဖွဲ့ချုပ်(MBC)က ကျင်းပသည့် စတုတ္ထအကြိမ် MBC Professional Boxing ပြိုင်ပွဲများကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ ခြောက်ချီ တစ်ပွဲ၊ လေးချီ ခုနစ်ပွဲ စုစုပေါင်း တွဲဆိုင်းရှစ်ဆိုင်း ကျင်းပသည်။



၆၀ ကီလိုတန်းတွင် ဆဲလ်မွဲလ်ကျိုးနှင့် ရေမွန်းဒို ယှဉ်ပြိုင်စဉ်။

အဆိုပါခြောက်ချီပြိုင်ပွဲ၌ ၅၃ ဒသမ ၅၂ ကီလိုတန်းတွင် ဗန်လုထောင်နှင့် ဖြိုးသူအောင်တို့ သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ထိုးကြရာ ဒုတိယအချီတွင် ဗန်လုထောင်လက်သီးတွဲလုံးကြောင့် ဖြိုးသူအောင် အထိနာကာ ပြန်မထနိုင်၍ အရှုံးပေးလိုက်ရသည်။ ထို့ပြင် လေးချီပြိုင်ပွဲများတွင် ၅၀ ဒသမ ၈ ကီလိုတန်း၌ ဇော်ဇနေနိုင်က အောင်ကျော်သက်ကို တတိယအချီတွင် အလဲထိုးအနိုင်ရရှိပြီး ၅၅ ဒသမ ၃၄ ကီလိုတန်းတွင် ဖိုးဒန့်အောင်က အောင်ကောင်းမြတ်ကို အမှတ်ဖြင့် အနိုင်ရရှိသွားသည်။ ၆၀ ကီလိုတန်းတွင် ဇော်ဇော်နိုင် ပင့်လက်သီးထိုးချက်ကြောင့် စန်းလွင်ဦး ပထမအချီတွင် အရှုံးပေးလိုက်ရပြီး ၆၁ ဒသမ ၂၃ ကီလိုတန်းတွင် ကောင်းခန့်ဦးက အောင်မြင့်မြတ်ကို ပထမအချီတွင် အလဲထိုးအနိုင်ယူသွားသည်။ ၆၂ ကီလိုတန်းတွင် ရှိုင်းမင်းထွန်းက ကောင်းခန့်ကျော်ကို ဒုတိယအချီတွင် အလဲထိုးအနိုင်ရရှိပြီး ၆၃ ဒသမ ၅၀ ကီလိုတန်းတွင် သက်နိုင်အောင်က ထက်အောင်လင်းကို တတိယအချီတွင် အနိုင်ရရှိသွားသည်။ ၆၀ ကီလိုတန်းတွင် ဆဲလ်မွဲလ်ကျိုးနှင့် ရေမွန်းဒိုတို့ပြိုင်ပွဲတွင် လေးချီပြည့်ထိုးကြသော်လည်း ရေမွန်းဒိုကို အမှတ်ဖြင့် အနိုင်ရရှိသွားသည်။

မြန်မာဘောက်ဆင်ကော်မရှင်သည် ကမ္ဘာ့ဘောက်ဆင်ကော်မရှင်(WBC) အဖွဲ့ဝင်နိုင်ငံအဖြစ် နိုင်ငံ့ကိုယ်စားပြုဝင်ခွင့်ကို မတ် ၇ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ SC Park Hotel ၌ ကမ္ဘာ့ဘောက်ဆင် (WBC) ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင်အသိအမှတ်ပြု စာချုပ်ရေးထိုးခဲ့ကြခြင်းဖြစ်ပြီး OPBF ဥက္ကဋ္ဌနှင့် MBC ကော်မရှင်နာတို့ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

လက်ရှိတွင် WBC အသိအမှတ်ပြု ချန်ပီယံခါးပတ်များ၌ နိုင်ငံပေါင်း ၁၈ နိုင်ငံ၏ နိုင်ငံအလံများ ထည့်သွင်းထားပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့သဖြင့် နိုင်ငံအလံကို ထည့်သွင်းသွားရန်ရှိနေသည်။

**အာကာစိုး**

# MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့တွင် အင်းစိန်စီးတီးအသင်းနှင့် 10/Mon အသင်းအနိုင်ရ

**ရန်ကုန်  မတ်  ၁၅**

MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို ယနေ့နံနက်က ဆက်လက်ကျင်းပရာ အင်းစိန်စီးတီးအသင်းနှင့် 10/Mon အသင်း နိုင်ပွဲရရှိသည်။

နံနက်ပိုင်း ကျင်းပသည့်ပွဲတွင် အင်းစိန်စီးတီးအသင်းက မြရောအသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ အင်းစိန်စီးတီးအသင်းသည် အဖွင့်ပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ပြီး သုံးမှတ်အပြည့် ရယူနိုင်ခဲ့သည်။ အင်းစိန်စီးတီးအသင်းအတွက် အနိုင်ဂိုးများကို ၂၁ မိနစ်တွင် ဝင်းထွန်းနိုင်၊ ၃၇ မိနစ်တွင် ကျော်စိုးသိန်း၊ ၃၈ မိနစ်တွင် ကျော်မြင့်ဝင်းတို့က သွင်းယူသည်။ ညနေပိုင်း ကျင်းပသည့်ပွဲတွင် 10/Mon အသင်းက TGK Hmawbi အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ 10/Mon အသင်းသည် ပထမပိုင်းတွင် အရေးနိမ့်နေသော်လည်း ဒုတိယပိုင်းတွင် ဂိုးများပြန်သွင်းကာ အနိုင်သုံးမှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ၁၇ မိနစ်တွင် ကျော်မင်းထွန်းက TGK Hmawbi အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူသော်လည်း 10/Mon အသင်းအတွက် ၆၆ မိနစ်တွင် ညီညီအောင်က ချေပဂိုးနှင့် ၈၃ မိနစ်တွင် အောင်ကျော်အေးက အနိုင်ဂိုးသွင်းယူခဲ့သည်။

ပြိုင်ပွဲ တတိယနေ့ကို မတ် ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီခွဲတွင် ဗဟန်းမြက်ခင်းတုကွင်း၌ W United အသင်းနှင့် Asia Lion အသင်း၊ ညနေ ၄ နာရီတွင် ဗဟန်းမြက်ခင်းတုကွင်း၌ Happy Friendship အသင်းနှင့် Zan United အသင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၂ ၌ Young Boy အသင်းနှင့် Enjoy Brother အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**



အင်းစိန်စီးတီးအသင်းနှင့် မြရောအသင်း ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-MNL

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## အများအားဖြင့် သာယာမည်

**နေပြည်တော်  မတ်  ၁၅**

မတ် ၁၆ ရက် နံနက်အထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ကျောက်စိမ်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ် ၁၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် ၁၈ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၅ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၇၅၂၂၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ စက်မှုဇုန်ထုတ် Pyay Truck နှစ်စီး၊ Hino Truck တစ်စီး၊ Dong Feng Tractor Head လေးစီး၊ Man Tractor Head သုံးစီး၊ Nissan Diesel Tractor Head တစ်စီး၊ Volvo Tractor Head တစ်စီး၊ Dayun Tractor Head တစ်စီး၊ Isuzu Giga Tractor Head တစ်စီး၊ Chenglong Tractor Head တစ်စီး၊ Hyundai Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ၁၃ တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၉၇၅၂၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုက်မရော ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၈၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၈၈၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ဝ ဒသမ ၉၁၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၉၈၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောင်းမြမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀)ကို ပို့ကုန် သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၄၉၈၄ ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မူဆယ်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော လက်ကောက်ကွင်းကြမ်းဆိုက်စုံ ၈၀၄ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၂၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၇၂၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

**အရေးယူဆောင်ရွက်**

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ငါးမျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၉၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၈၉၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၄၂၈၃၁၈၄ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

## ပဲခူးမြို့နယ်၌ စက်သုံးဆီများ တရားမဝင်သယ်ဆောင်လာသူ အမျိုးသား သုံးဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ မတ် ၁၃ ရက်က စက်သုံးဆီများ တရားမဝင် သယ်ဆောင်လာသူ အမျိုးသား သုံးဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ထန်းတောကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပဲခူးမြို့နယ် ထန်းတောကြီးကျေးရွာလမ်းဆုံ၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဘုရားကြီးမြို့ဘက်မှ ဇောင်းတူကျေးရွာဘက်သို့ တိုက်ကြီးကျေးရွာနေသူများ ဖြစ်ကြသည့် ဇော်မင်း(၄၅)နှစ်မောင်းနှင်ပြီး နေလင်းစိုး(၃၂)နှစ်နှင့် ကျော်စိုး(ခ)ကျော်ကြီး (၄၅) နှစ် လိုက်ပါလာသည့် BGO–11 6B/... NISSAN UD DIESEL မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ပလတ်စတစ်ပုံးများဖြင့် ထည့်ထားသည့် ဓာတ်ဆီဂါလန် ၂၆၀၊ တစ်ဂါလန်လျှင် ငွေကျပ် ၁၄၀၀၀ နှုန်းဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၆၄၀၀၀၀ တို့ကို စစ်ဆေးတွေ့ရှိရသဖြင့် မေးမြန်းရာ အဆိုပါစက်သုံးဆီများမှာ ကျော်စိုး(ခ)ကျော်ကြီး၏ ဓာတ်ဆီများဖြစ်ကြောင်း သိရှိရသဖြင့် ကျော်စိုး(ခ) ကျော်ကြီးတို့ သုံးဦးအား ထန်းတောကြီးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မကွေးမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၄ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က မကွေးမြို့နယ် ကံပြားကျေးရွာရှိ မကွေးမြို့ဝင်စစ်ဆေးရေးဂိတ်၌ အမှတ်(၁၅) ယာဉ်ထိန်းရဲတပ်ဖွဲ့ စု(မကွေး)မှ တပ်ဖွဲ့ဝင်များ၊ မကွေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကံပြားကျေးရွာဘက်မှ မကွေးမြို့ဘက်သို့ မကွေးမြို့ အောင်စေတနာ(C)ရပ်ကွက်နေ ထွန်းဇော်ဝင်း (၂၈) နှစ် မောင်းနှင်လာသည့် YGN–40 3H/... NISSAN WIN GROAD မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ထွန်းဇော်ဝင်း အား မကွေးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**စဉ့်ကိုင် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ထန်းသုံးပင်ကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ယမန်နေ့က အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးရွာနေပြည်သူများ သန့်ရှင်းသောသဘာဝပတ်ဝန်းကျင်နှင့် ကောင်းမွန်သော လူနေမှုစနစ်များ ရရှိစေရန် ကျေးရွာများ၌ အမှိုက်ကန်များ ဆောင်ရွက်ထားရှိပြီး အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး၊ ကျေးရွာဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ရေး၊ သစ်တောသစ်ပင်များ ကာကွယ်ထိန်းသိမ်းရေး စသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိုးစံက ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ ကျေးရွာသားများက ဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့။

**ပရီမီယာလိဂ်ပွဲစဉ် (၂၉)**

အာဆင်နယ် - ချယ်ဆီး
ဖူလ်ဟမ် - စပါး
လက်စတာ - မန်ယူ

၁၆-၃-၂၀၂၅

ပရီမီယာလိဂ်ပွဲစဉ် (၂၉) ကို မတ် ၁၆ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အသင်းကြီးအချင်းချင်းတွေ့ဆုံတဲ့ပွဲစဉ်ပါဝင်သလို နောက်ဆုံးခြောက်ပွဲဆက် ရှုံးနိမ့်ထားတဲ့ လက်စတာက မန်ယူနဲ့ ဆုံတွေ့နေတဲ့ ပွဲစဉ်တွေ ပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ခံစစ်ဆိုးရွားတဲ့ လက်စတာကို မန်ယူ အနိုင်ယူကျော်ဖြတ်နိုင်မလား..



## လက်စတာ Vs မန်ယူ — နံနက် ၁း၃၀

လက်စတာက တန်းဆင်းဇုန်အတွင်း ကျရောက်နေသလို နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲစုံခြောက်ပွဲမှာလည်း ခြောက်ပွဲစလုံး ရှုံးနိမ့်ထားတယ်။ လက်စတာက တိုက်စစ်၊ ခံစစ်အဆိုးရွားဆုံး အသင်းထဲလည်းပါဝင်နေတယ်။ မန်ယူရဲ့ ခြေစွမ်းကလည်း ပုံမှန်မရှိဘူး၊ အတက်အကျမြန်တယ်။ ဒါပေမယ့် ဒီနှစ်သင်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံထားတဲ့ ငါးပွဲမှာ ငါးပွဲစလုံး မန်ယူအသင်းက အနိုင်ရထားတယ်။ မည်သို့ပင်ဆိုစေ တန်းဆင်းဇုန်အတွင်းက လွတ်မြောက်ဖို့ ခြေကုန်ထုတ်လာမယ့် လက်စတာအသင်းရဲ့ ရုန်းအားကြောင့် မန်ယူအသင်း ခက်ခက်ခဲခဲကစားရပြီး မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။



ဗာဒီ (၃၈နှစ်)

**လက်စတာ (တိုက်စစ်)**

၂၆ ပွဲကစား၊ ၇ ဂိုးသွင်း

ဖာနန်ဒက်စ် (၃၀ နှစ်)

**မန်ယူ (ကွင်းလယ်)**

၂၇ ပွဲကစား၊ ၇ ဂိုးသွင်း

**လက်စတာနဲ့ မန်ယူတို့ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးသုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| မန်ယူ | ၂ - ၁ | လက်စတာ | အက်ဖ်အေ |
| မန်ယူ | ၃ - ၀ | လက်စတာ | ပရီမီယာလိဂ် |
| မန်ယူ | ၅ - ၂ | လက်စတာ | ပရီမီယာလိဂ် |

**လက်စတာအသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| လက်စတာ | ၀ - ၄ | ဘရန့်ဖို့ဒ် | ၂၂-၂-၂၀၂၅ |
| ဝက်စ်ဟမ်း | ၂ - ၀ | လက်စတာ | ၂၈-၂-၂၀၂၅ |
| ချယ်ဆီး | ၁ - ၀ | လက်စတာ | ၉-၃-၂၀၂၅ |

**မန်ယူအသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| ဆိုစီဒက် | ၁ - ၁ | မန်ယူ | ၇-၃-၂၀၂၅ |
| မန်ယူ | ၁ - ၁ | အာဆင်နယ် | ၉-၃-၂၀၂၅ |
| မန်ယူ | ၄ - ၁ | ဆိုစီဒက် | ၁၄-၃-၂၀၂၅ |

## အာဆင်နယ် Vs ချယ်ဆီး — ည ၈း၀၀

ထိပ်တန်းအသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တဲ့အတွက် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ အာဆင်နယ်က ဦးဆောင်သူ လီဗာပူးကို ထက်ကြပ်မကွာဖိအားပေးဖို့ ခြေကုန်ထုတ်လာမှာဖြစ်သလို ချယ်ဆီးကလည်း အမှတ်ပေးဇယားအထက်ပိုင်းတက်လှမ်းဖို့ သေချာပြင်ဆင်လာမှာပါ။ အာဆင်နယ် နိုင်ဖွယ်ရှိတယ်။

**အာဆင်နယ်နဲ့ ချယ်ဆီးအသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| ချယ်ဆီး | ၁ - ၁ | အာဆင်နယ် | ပရီမီယာလိဂ် |
| အာဆင်နယ် | ၅ - ၀ | ချယ်ဆီး | ပရီမီယာလိဂ် |
| ချယ်ဆီး | ၂ - ၂ | အာဆင်နယ် | ပရီမီယာလိဂ် |

## ဖူလ်ဟမ် Vs စပါး — ည ၈း၀၀

ဖူလ်ဟမ်က နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို ချေဖျက်ဖို့ ကြိုးစားလာမှာပါ။ စပါးကလည်း လိဂ်မှာ ရလဒ်ပိုင်းဆိုးရွားမှုကို ချေဖျက်ဖို့ အားစိုက်ကစားလာမှာမို့ ခြေရည်တူနှစ်သင်း တွေ့ဆုံမှုဖြစ်တဲ့အတွက် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ စပါးအသင်းထက် အိမ်ရှင် ဖူလ်ဟမ်အသင်း နိုင်ဖွယ်ရာရှိတယ်။

**ဖူလ်ဟမ်နဲ့ စပါးအသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| စပါး | ၁ - ၁ | ဖူလ်ဟမ် | ပရီမီယာလိဂ် |
| ဖူလ်ဟမ် | ၃ - ၀ | စပါး | ပရီမီယာလိဂ် |
| စပါး | ၂ - ၀ | ဖူလ်ဟမ် | ပရီမီယာလိဂ် |

# အင်ဒီးယန်းဝဲလ်စ်ဗိုလ်လုပွဲ ဆာဘာယ်လင်ကာနှင့် အန်ဒရေဗာတို့ ယှဉ်ပြိုင်ကစားမည်



■ အင်ဒီးယန်းဝဲလ်စ်အိုးပင်းဗိုလ်လုပွဲသို့ တက်လှမ်းလာသည့် ဆာဘာယ်လင်ကာ (ဝဲ)နှင့် အန်ဒရေဗာ (ယာ)။

အင်ဒီးယန်းဝဲလ်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဘယ်လာရုစ်တင်းနစ်မယ် အရှိုင်နာ ဆာဘာယ်လင်ကာနှင့် ရုရှားတင်းနစ်မယ် မီရာ အန်ဒရေဗာတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အန်ဒရေဗာသည် အသက် ၁၇ နှစ်အရွယ်ဖြင့် အင်ဒီးယန်းဝဲလ်စ်အိုးပင်း ဗိုလ်လုပွဲတက်လှမ်းနိုင်သည့် တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

၎င်းသည် လက်ရှိချန်ပီယံ အီဂါဆွီယာတက်ခ်ကို ၇-၆ (၇-၁)၊ ၆-၁၊ ၆-၃ ရလဒ်ဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ အန်ဒရေဗာသည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင်လည်း နာမည်ကြီး ဆွီယာတက်ခ်ကို ကျော်ဖြတ်ကာ နောက်တစ်ဆင့်သို့ တက်လှမ်းထားနိုင်သည်။

ဆာဘာယ်လင်ကာသည် ဆီမီးဖိုင်နယ်တွင် အမေရိကန်တင်းနစ်မယ် မက်ဒီဆင် ကီးစ်ကို ၆-၀၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။ ၎င်းသည် ပြိုင်ပွဲတစ်လျှောက်တွင် ကက်စလာ၊ ဘရွန်ဇက်တီ၊ ကာတဲလ်၊ ဆမ်ဆိုနိုဗာတို့ကို အနိုင်ယူကျော်ဖြတ်ထားသည်။

ဗိုလ်လုပွဲကို အသက်အငယ်ဆုံးအဖြစ် တက်လှမ်းလာသည့် အန်ဒရေဗာအနေဖြင့် ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် ဆာဘာယ်လင်ကာကို အနိုင်ယူသွားနိုင်မလား စောင့်ကြည့်ရမည် ဖြစ်သည်။



■ လပ်စ်ပဲမတ်စ်နှင့် ဒီပို့တီဗိုတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။

# ခြေစွမ်းသာသော်လည်း ဒီပို့တီဗိုကို သရေဖြင့်ကျေနပ်ခဲ့ရသည့် လပ်စ်ပဲမတ်စ်အသင်း

စပိန်လာလီဂါပွဲစဉ် (၂၈) မှ မတ် ၁၅ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် လပ်စ်ပဲမတ်စ်နှင့် ဒီပို့တီဗိုအသင်းပွဲစဉ်တွင် အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်သည့်အတွက် ပွဲစသည်နှင့်တစ်ပြိုင်နက် အကြိတ်အနယ်ရှိခဲ့သည်။ အိမ်ရှင်လပ်စ်ပဲမတ်စ်က ဂိုးရရှိရန်နီးစပ်သည့် အခွင့်အရေးများနှင့်အတူ ဒီပို့တီဗိုကို တရစပ်ဖိအားပေး တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ သို့သော်လည်း နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။ ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် လပ်စ်ပဲမတ်စ်အသင်းက ရမှတ် ၂၅ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ဆက်လက်ရပ်တည်နေပြီး ဒီပို့တီဗိုက ဗလင်စီယာနှင့် လီဂါနက်စ်အသင်းထက် တစ်ပွဲပိုကစားပြီး ရမှတ် ၂၇ မှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့် (၁၆) တွင် ရပ်တည်နိုင်ခဲ့သည်။

လပ်စ်ပဲမတ်စ်အသင်းအတွက် သွင်းဂိုးများကို ဆီးလ်ဗားနှင့် မိုလီယိုတို့က သွင်းယူပေးပြီး ဒီပို့တီဗိုအသင်းအတွက် သွင်းဂိုးများကို မာတီနက်ဇ် နှင့် ဂူရီဒီတို့က သွင်းယူပေးခဲ့သည်။

# ချန်ပီယံရှစ် ပွဲစဉ် (၃၄) တွင် လိဒ်စ်က တစ်ယောက်လျော့ ကျူပီအာရ်ကို သရေကျ

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃၈) မှ မတ် ၁၅ ရက် ည ၇ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ကျူပီအာရ်နှင့် လိဒ်စ်အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

လိဒ်စ်အသင်းသည် အိမ်ရှင်ကျူပီအာရ်အသင်းထက် သာလွန်ခြေစွမ်းဖြင့် ပွဲချိန်ပြည့်ကစားနိုင်ခဲ့သော်လည်း ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို အသင်းကစားသမားများ သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိသည့်အတွက် သရေကျခဲ့ခြင်းဖြစ်သည်။ လိဒ်စ်အသင်းသည် ကျူပီအာရ်ကို သရေကျခဲ့သော်လည်း ဒုတိယနေရာမှ ရှက်ဖီးလ်အသင်းထက် တစ်ပွဲပိုကစားပြီး ရမှတ် ၈၀ ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘရစ္စတိုးလ်က နော့ဝှစ်ကို နှစ်ဂိုး-တစ်ဂိုး၊ မီဝေါလ်က စတုတ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။

## နောက်ဆုံးရအားကစားသတင်းတိုများ


- ဘိုင်ယန်မြူးနစ်အသင်းသည် ဘီလ်ဘာအိုအသင်းမှ စပိန်တောင်ပံကစားသမား နီကိုဝီလီယံ (၂၂ နှစ်) ကိုခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ သို့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းသည် အဆိုပါ ကစားသမားကို ခေါ်ယူမည်ဆိုပါက အာဆင်နယ်အသင်းနှင့် အပြိုင်ကမ်းလှမ်းသွားရမည် ဖြစ်သည်။
- နယ်သာလန်ခံစစ်ကစားသမား ဗန်ဒိုက် (၃၃ နှစ်) သည် နွေရာသီတွင် လီဗာပူးအသင်းနှင့် ချုပ်ဆိုထားသောစာချုပ်သက်တမ်း ကုန်ဆုံးတော့မည် ဖြစ်သည်။
- စီးရီးအေပွဲစဉ် (၂၉) မှ မတ် ၁၅ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ဂျီနိုအာနှင့် လက်ချီအသင်းပွဲစဉ်တွင် ဂျီနိုအာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

■ မိုးဇက် - စုစည်းသည်

# ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

## ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၁

၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင် ထားပါ။

၂

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမိလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။






၃

၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



